ပြည်ထဲရေး

ပြည်ထဲရေး

သတင်းလွှာ

အတွဲ (၁၂) အမှတ် (၇)

၂၀၁၇ ခုနှစ်၊ ဇူလိုင်လ (၁) ရက်

# ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေသည် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အုပ်ချုပ်ရေးပညာဖွံ့ဖြိုးမှုသင်တန်းကျောင်း (မင်္ဂလာဒုံ)သို့ သွားရောက်ကြည့်ရှုစစ်ဆေး




ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေသည် ၅-၆-၂၀၁၇ ရက်နေ့၊ (၁၀း၃၀) နာရီတွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အုပ်ချုပ်ရေးပညာဖွံ့ဖြိုးမှုသင်တန်းကျောင်း (မင်္ဂလာဒုံ)သို့ရောက်ရှိခဲ့ရာ သင်တန်းကျောင်းခန်းမ၌ စီမံခန့်ခွဲရေးဝန်ထမ်းအဆင့်(၂)၊ လုပ်ငန်းအကြို သင်တန်းအမှတ်စဉ် (၁/၂၀၁၇)သင်တန်းသား/သူ (၂၃၄)ဦးနှင့်သင်တန်းကျောင်းမှဝန်ထမ်းများအား တွေ့ဆုံလမ်းညွှန်အမှာစကားပြောကြားခဲ့ပြီး ဝန်ထမ်း(၈၀)ဦး နှင့် သင်တန်းသား/ သူများအား ကျပ်(၁၀,၀၀၀ိ/) နှုန်းဖြင့် ထောက်ပံ့ခဲ့ပါသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် သင်တန်းကျောင်းနှင့် ကပ်လျက်တည်ရှိနေသော စီမံကိန်းရေးဆွဲရေးဦးစီးဌာနပိုင် မြေဧရိယာ (၃.၃၃၂) ဧကရှိ မြေနေရာအား ကြည့်ရှုစစ်ဆေးခဲ့ပြီး သင်တန်းကျောင်းဝန်းအတွင်း ရေစီးရေလာကောင်းမွန်စေရေးအတွက် သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ဆောင်ရွက်နိုင်ရေး ရန်ကုန်တိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အုပ်ချုပ်ရေးမှူးနှင့် မြောက်ပိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးတို့အား ညွှန်ကြားခဲ့ပြီး (၁၁း၃၀)နာရီချိန်တွင် သင်တန်းကျောင်းမှ ပြန်လည်ထွက်ခွာသွားခဲ့ကြောင်း သတင်းရရှိပါသည်။

# ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ ပိုလန်နိုင်ငံမှလက်ခံရရှိမည့် အဆင့်မြင့်မီးသတ်ယာဉ်နှင့် စက်ကိရိယာကိုင်တွယ်ထိန်းသိမ်းမှု အကြိုလေ့ကျင့်ရေးသင်တန်း ကြည့်ရှုစစ်ဆေး

ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေသည် ၂၀၁၇ ခုနှစ်၊ ဇွန်လ (၅)ရက်နေ့၊ နံနက်ပိုင်းတွင်မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဌာနချုပ်၊ လေ့ကျင့်ရေးဌာနစု၊ သီတာခန်းမတွင် ဖွင့်လှစ်လျက်ရှိသည့် ပိုလန်နိုင်ငံမှ လက်ခံရရှိမည့် အဆင့်မြင့်မီးသတ်ယာဉ်နှင့်စက်ကိရိယာကိုင်တွယ်ထိန်းသိမ်းမှု အကြိုလေ့ကျင့်ရေးသင်တန်းအား ကြည့်ရှုစစ်ဆေးခဲ့ပြီး၊ လိုအပ်သည်များ လမ်းညွှန်မှာကြားကာ ထောက်ပံ့ငွေများပေးအပ်ကြောင်း သတင်းရရှိပါသည်။



ပြည်သူ့ဗဟိုပြုအုပ်ချုပ်ရေး
အလုပ်ရုံဆွေးနွေးပွဲကျင်းပ
စာ(၁၂)သို့

အကျဉ်းသား၊ အကျဉ်းသူများ
တက္ကသိုလ်ဝင်တန်းစာမေးပွဲဖြေဆိုအောင်မြင်မှု
စာ(၄)သို့

မန္တလေးတိုင်းဒေသကြီး၊ပြည်ကြီးတံခွန်မြို့နယ်၊
သပြေညိုကိုယ်ပိုင်အထက်တန်းကျောင်းရှိကျောင်းသား/သူများ
အားမီးဘေးကြိုတင်ကာကွယ်ရေးဟောပြောခြင်းနှင့်လက်တွေ့
မီးငြိမ်းသတ်မှု သရုပ်ပြသခြင်း
စာ(၇)သို့

## လက်ရှိကျင့်သုံးလျက်ရှိသောမြေယာဥပဒေသုံးခုအား တစ်ခုတည်းအဖြစ်ပေါင်းစည်းနိုင်ရေး အလုပ်ရုံဆွေးနွေးပွဲကျင်းပ



**ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးမှ အလုပ်ရုံဆွေးနွေးပွဲနှင့် ပတ်သက်၍ အမှာစကားပြောကြားစဉ်**

ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် လက်ရှိကျင့်သုံးလျက်ရှိသော မြေယာဥပဒေသုံးခုအား တစ်ခုတည်းအဖြစ်ပေါင်းစည်းနိုင်ရေး အလုပ်ရုံဆွေးနွေးပွဲကို ဇွန် ၂၈နှင့် ၂၉ ရက်နေ့တို့တွင် နေပြည်တော် ရုံးအမှတ်(၁၀) ရှိ ပြည်ထဲရေးဝန်ကြီးဌာန စုစည်းခန်းမ၌ ကျင်းပသည်။ အခမ်းအနားတွင် ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေက "မြေယာဥပဒေမူကြမ်းရေးဆွဲမှုနှင့် ပတ်သက်၍ ဥပဒေတစ်ခုရေးဆွဲရာတွင် အဓိပ္ပါယ်ရှင်းလင်းပေါ်လွင်ပြီး အများလိုက်နာနိုင်မည့် ဥပဒေဖြစ်ရန်လိုကြောင်း၊ ယင်းသို့ ထည့်သွင်းစဉ်းစားဆောင်ရွက်ထားသည့် ဥပဒေကိုမလိုက်နာပါကလည်း ဥပဒေနှင့်အညီသာ အရေးယူဆောင်ရွက်ရန်လိုကြောင်း၊ ဥပဒေနှင့်အညီ အစိုးရကတာဝန်ယူဆောင်ရွက်ရခြင်းဖြစ်ပြီး တစ်ဦးတစ်ယောက်၏ စိတ်ဆန္ဒအရ ရေးဆွဲသော ဥပဒေမျိုးမဖြစ်စေဘဲ အများနှင့်သက်ဆိုင်သော၊ လိုက်နာနိုင်သော ဥပဒေဖြစ်ရန်လိုကြောင်း၊ ပြည့်စုံကောင်းမွန်သည့် ဥပဒေ (မူကြမ်း)ဖြစ်စေရန် ပညာရှင်၊ အတွေ့အကြုံရင့်ကျက်သော ပုဂ္ဂိုလ်များကဝိုင်းဝန်းဆွေးနွေးအကြံပြုပေးရန် လိုပါကြောင်း" ဆွေးနွေးပြောကြားခဲ့သည်။ ယင်းနောက် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် အမြဲတမ်းအတွင်းဝန်တို့က အမှာစကားများပြောကြားကြသည်။ အလုပ်ရုံဆွေးနွေးပွဲကို အစီအစဉ်အတိုင်း ဆက်လက်ကျင်းပရာတက်ရောက်လာကြသည့် နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်အထွေထွေအုပ်ချုပ် ရေးဦးစီးဌာန၊ အုပ်ချုပ်ရေးမှူးများ၊ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထဲရေးဝန်ကြီးဌာန ဥပဒေအကြံပေးအဖွဲ့ဝင်များ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (အငြိမ်းစား) အရာရှိကြီးများ၊ သက်ဆိုင်ရာဌာနအကြီးအကဲများမှ ပြည့်စုံသော မြေယာဥပဒေမူကြမ်းတစ်ခု ဖြစ်ပေါ်လာရေးသုံးသပ်အကြံပြုချက်များဖြင့် ဝိုင်းဝန်းဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိပါသည်။

## UNDPနှင့် ပူးပေါင်း၍ OSS လုပ်ငန်းများဆောင်ရွက်နိုင်ရေးတွေ့ဆုံဆွေးနွေး

၈-၆-၂၀၁၇ ရက်နေ့တွင် ပြည်ထဲရေးဝန်ကြီးဌာန ဧည့်ခန်းမ၌ **UNDP** မှ **Ms. Erin Weiser** ခေါင်းဆောင်သောအဖွဲ့သည် ပြည်ထဲရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့ဝန်ဆောင်မှုရုံး **(OSS)**များ ထူထောင်ဖွင့်လှစ်ရေးလုပ်ငန်းကော်မတီ အတွင်းရေးမှူး ဦးတင်မြင့်အားလာရောက်တွေ့ဆုံ၍ **UNDP** အနေဖြင့် မြန်မာနိုင်ငံရှိ ပြည်ထဲရေးဝန်ကြီးဌာနမှ ဆောင်ရွက်လျက်ရှိသော ပြည်သူ့ဝန်ဆောင်မှုရုံး **(One Stop Shop)** လုပ်ငန်းများတွင် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ အောင်မြင်မှုရရှိနိုင်ရေးအတွက် အကောင်းဆုံးပုံစံဖြင့် ဆောင်ရွက်နိုင်ရေး ညှိနှိုင်းဆွေးနွေးခဲ့ရာ ပြည်ထဲရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ညွှန်ကြားရေးမှူးများ တက်ရောက်၍ **UNDP** မှ ကိုယ်စားလှယ်(၃)ဦး တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။



## မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲအုပ်လောင်းသင်တန်း အမှတ်စဉ်(၈၈/၂၀၁၆) သင်တန်းဆင်းပွဲကျင်းပ



မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရဲအရာရှိလေ့ကျင့်ရေးကျောင်းဒုတိယရဲအုပ်လောင်းသင်တန်း အမှတ်စဉ်(၈၈/၂၀၁၆)၊ ရဲဗိုလ်လတပ်ခွဲ သင်တန်းဆင်းပွဲအခမ်းအနားကို ၁၆-၆-၂၀၁၇ ရက်နေ့ နံနက် ၇း၃၀ အချိန် မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ ဇီးပင်ကြီး၊ ရဲအရာရှိလေ့ကျင့်ရေးကျောင်း၊ စစ်ရေးပြကွင်း၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ခေတ္တရဲချုပ်၊ ရဲမှူးချုပ် အောင်ဝင်းဦးက ဒုတိယရဲအုပ်လောင်းများ၏ အလေးပြုခြင်းကို ခံယူပြီး သင်တန်းဆင်းတပ်ခွဲနှင့် နောက်ရန်တပ်ခွဲများကို စစ်ဆေးခဲ့သည်။ ထို့နောက် ဒုတိယရဲအုပ်လောင်းများက အနေးလျှောက်၊ အမြန်လျှောက်ဖြင့် ချီတက်အလေးပြုပြီး ခေတ္တရဲချုပ်မှ အကောင်းဆုံးကျောင်းသားဆုနှင့်ရဲကျင့်ဝတ်ထူးချွန်ဆုရ ကျောင်းသားအမှတ်(၂၀) ဒုတိယရဲအုပ်လောင်းကျော်ရဲငြိမ်းလေ့ကျင့်ရေးထူးချွန်ဆုရ ကျောင်းသားအမှတ် (၁၂၉) ဒုတိယ ရဲအုပ်လောင်း ရဲနောင်၊ ဥပဒေဘာသာရပ်ထူးချွန်ဆုရကျောင်းသားအမှတ်(၂၄) ဒုတိယရဲအုပ်လောင်း ချစ်ကောင်း၊ အင်္ဂလိပ်စာဘာသာရပ်ထူးချွန်ဆုရ ကျောင်းသားအမှတ်(၂၄၅) ဒုတိယရဲအုပ်လောင်း နန်းသဇင်၊ ကွန်ပျူတာဘာသာရပ်ထူးချွန်ဆုရ ကျောင်းသားအမှတ်(၃၀၆) ဒုတိယရဲအုပ်လောင်း အေမီစိုးဝင်းတို့အား ဆုများအသီးသီးပေးအပ်ချီးမြှင့်ကာ သင်တန်းဆင်းမိန့်ခွန်းပြောကြားခဲ့ပါသည်။

အဆိုပါသင်တန်းဆင်းပွဲ အခမ်းအနားသို့ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ရဲအရာရှိကြီးများ၊ သင်တန်းဆင်းအရာရှိလောင်းများ၏ မိဘဆွေမျိုးများနှင့်သင်တန်းဆင်း ဒုတိယရဲအုပ်လောင်းအမှတ်စဉ်(၈၈/၂၀၁၆) မှ ဘွဲ့ရ အမျိုးသား(၁၉၉)ဦး၊ အမျိုးသမီး(၁၁၁)ဦး၊စုစုပေါင်း(၃၁၀)ဦးတို့တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။

## နှုတ်ဆက်ဂါရဝပြုခြင်းနှင့်ကြိုဆိုခြင်း အခမ်းအနား ပြုလုပ်ခြင်း



၁၃-၅-၂၀၁၇ရက်နေ့တွင် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနတွင် သက်ပြည့်အငြိမ်းစားယူမည့် ညွှန်ကြားရေးမှူး ဦးမြင့်အောင်၊ ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းမြင့်တို့အား နှုတ်ဆက်ဂါရဝပြုခြင်းနှင့် ပြောင်းရွှေ့ရောက်ရှိလာသောလက်ထောက်ညွှန်ကြားရေးမှူးဦးတင်ထွန်းအောင်အား ကြိုဆိုခြင်းအခမ်းအနား ကျင်းပပြုလုပ်ခဲ့ကြောင်း သတင်းရရှိပါသည်။

## ကျန်းမာရေးစောင့်ရှောက်မှုအဖြစ် ခြင်ဆေးဖြန်းခြင်း

၃-၆-၂၀၁၇ ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီးရုံးမှ ညွှန်ကြားရေးမှူး ဦးသော်တာအောင်၏ ကြီးကြပ်လမ်းညွှန်မှုဖြင့် တိုင်းဒေသကြီးရုံးဝင်းအတွင်းရှိ ဝန်ထမ်းအိမ်ရာများ၌ နေထိုင်သော မိသားစုဝင်များ၏ ကျန်းမာရေးစောင့်ရှောက်မှုအဖြစ် မိသားစုဝင် ကလေးသူငယ်များ သွေးလွန်တုပ်ကွေးရောဂါ မဖြစ်ပွားစေရေးအတွက် အောင်မြေသာစံမြို့နယ်၊ ဒေါနဘွားရပ်ကွက်ရှိ နန်းတော်ရှေ့ လူမှုကယ်ဆယ်ရေးအဖွဲ့မှ အဖွဲ့ခေါင်းဆောင် ဦးသိန်းထွန်းအောင် ဦးဆောင်၍ ခြင်ဆေးဖျန်းခြင်းကို လာရောက်ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါသည်။



## ကျန်းမာရေးစရိတ် ထောက်ပံ့ပေးအပ်ခြင်း



၂၂-၅-၂၀၁၇ ရက်နေ့တွင် ကယားပြည်နယ်ရုံးမှ ညွှန်ကြားရေးမှူး ဦးအောင်ခန့်၏ ကြီးကြပ်စီစဉ်မှုဖြင့် လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်စိုး ဦးဆောင်သောအဖွဲ့သည် ပြည်နယ်ပြည်သူ့ဆေးရုံကြီးတွင် ဆေးကုသမှု ခံယူနေသည့် ဦးစီးအရာရှိ(စုံစမ်းရေး) ဦးသက်လွင်ဦး၏ သားငယ်အား ကျန်းမာရေးစရိတ်ထောက်ပံ့ငွေ ၁၅၉,၀၀၀/- (ကျပ်တစ်သိန်းငါးသောင်းကိုးထောင် တိတိ)ပံ့ပိုးကူညီ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိပါသည်။

၇-၆-၂၀၁၇ ရက်နေ့တွင် ကရင်ပြည်နယ်ရုံးမှ ညွှန်ကြားရေးမှူး ဦးမြင့်သူ၏ လမ်းညွှန်ကြီးကြပ်မှုဖြင့် ဒုတိယညွှန်ကြားရေးမှူး ဦးခင်မောင်သန်း ဦးဆောင်သည့် ဝန်ထမ်းများသည် ပြည်နယ်ပြည်သူ့ဆေးရုံကြီးသို့ သွားရောက်၍ ဆေးရုံတက်ရောက်ဆေးကုသမှုခံယူလျက်ရှိသည့် စုံစမ်းရေးမှူးဦးတင့်လွင်သိန်းအား တွေ့ဆုံအားပေးစကားပြောကြားခဲ့ပြီး ကျန်းမာရေး ဆေးကုသစရိတ်ငွေ ၃၀,၀၀၀/- (ကျပ်သုံးသောင်းတိတိ) ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိပါသည်။



## ပညာသင်စရိတ် ထောက်ပံ့ငွေပေးအပ်




၂၈-၅-၂၀၁၇ ရက်နေ့တွင် ပဲခူးတိုင်းဒေသကြီးရုံး အစည်းအဝေးခန်းမ၌ ၂၀၁၇-၂၀၁၈ ခုနှစ်အတွက် ပညာသင်ထောက်ပံ့စရိတ် ထောက်ပံ့ပေးအပ်ပွဲ အခမ်းအနား ကျင်းပပြုလုပ်ခဲ့ရာ ညွှန်ကြားရေးမှူးဦးအောင်သန်းတိုးနှင့် လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်သိန်းတို့က ဝန်ထမ်းသားသမီးများအား ပညာသင်စရိတ်ထောက်ပံ့ငွေ၅၈၄,၀၀၀/- (ကျပ်ငါးသိန်းရှစ်သောင်းလေးထောင်တိတိ) နှင့် ငွေ ၁၈၀,၀၀၀/-(ကျပ်တစ်သိန်း ရှစ်သောင်းတိတိ)တန်ဖိုးရှိ ဗလာစာအုပ်များ၊ စုစုပေါင်း ၇၆၄,၀၀၀/-(ကျပ်ခုနှစ်သိန်း ခြောက်သောင်းလေးထောင်တိတိ)ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိပါသည်။

အလားတူ၃၁-၅-၂၀၁၇ရက်နေ့တွင် မွန်ပြည်နယ်ရုံးအစည်းအဝေးခန်းမ၌ ညွှန်ကြားရေးမှူး ဦးမျိုးဇော်ဝင်းနှင့် ဒုတိယညွှန်ကြားရေးမှူး ဦးဆန်းထွန်းတို့မှ ဝန်ထမ်းသားသမီး(၅၂) ဦးတို့အား မွန်ပြည်နယ် သက်သာချောင်ချိရေးကော်မတီ၏ ပညာသင်စရိတ်၅၄၆,၀၀၀/- (ကျပ်ငါးသိန်းလေးသောင်းခြောက်ထောင်တိတိ) ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိပါသည်။

၁၂-၆-၂၀၁၇ ရက်နေ့တွင် စစ်ကိုင်းတိုင်းဒေသကြီးရုံးမှ ညွှန်ကြားရေးမှူး ဦးအောင်မျိုးကျော် ဦးဆောင်မှုဖြင့် ဒုတိယညွှန်ကြားရေးမှူး ဦးဌေးဝင်းမှ ၂၀၁၇-၂၀၁၈ပညာသင်နှစ်တွင် ပညာသင်ကြားလျက်ရှိသော တက္ကသိုလ်အဆင့်၊ အထက်တန်း၊ အလယ်တန်း၊ မူလတန်း ကျောင်းသား/သူ (၅၀)ဦး တို့အတွက် ပညာသင် ထောက်ပံ့ကြေး စုစုပေါင်း ၃၉၄,၀၀၀/-(ကျပ်သုံးသိန်းကိုးသောင်း လေးထောင်တိတိ)ကို ထောက်ပံ့ပေးအပ်ပွဲ အခမ်းအနား ကျင်းပပြုလုပ်ခဲ့ကြောင်း သတင်းရရှိပါသည်။

၁၆-၆-၂၀၁၇ ရက်နေ့တွင် မကွေးတိုင်းဒေသကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်သည့် ၂၀၁၇-၂၀၁၈ ပညာသင်နှစ် ပညာသင်စရိတ် ထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားသို့ ညွှန်ကြားရေးမှူး၊ ဒုတိယညွှန်ကြားရေးမှူးနှင့် လက်ထောက်ညွှန်ကြားရေးမှူး၊ ဝန်ထမ်းများနှင့် မိသားစုဝင်များ၊ ကျောင်းသူ/သားများ စုစုပေါင်း(၅၀)ဦးခန့် တက်ရောက်ခဲ့ကြောင်း၊ အခမ်းအနားတွင် ညွှန်ကြားရေးမှူး ဦးမောင်မောင်ဌေးမှ အမှာစကားပြောကြားပြီး တက္ကသိုလ်အဆင့်၊ အခြေခံပညာ အထက်တန်း၊ အလယ်တန်း၊ မူလတန်း ကျောင်းသား/သူ စုစုပေါင်း (၃၁)ဦးအတွက် ငွေ ၅၈၀,၀၀၀/-(ကျပ်ငါးသိန်းရှစ်သောင်းတိတိ)ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိပါသည်။

## စတုတ္ထအကြိမ်မြောက် အာရှပစိဖိတ်ဒေသလုံးဆိုင်ရာ အကျဉ်းထောင်စီမံအုပ်ချုပ်သူများဆွေးနွေးပွဲ (The 4th Asian Pacific Regional Correctional Managers Seminar) သို့ တက်ရောက်

၂၀၁၇ ခုနှစ်၊ မေလ ၁၅ ရက်နေ့မှ ၁၉ ရက်နေ့အထိ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ဒါကာမြို့တွင် ကျင်းပပြုလုပ်ခဲ့သည့် စတုတ္ထအကြိမ်မြောက် အာရှပစိဖိတ်ဒေသလုံးဆိုင်ရာ အကျဉ်းထောင်စီမံအုပ်ချုပ်သူများ ဆွေးနွေးပွဲ **(The 4th Asian Pacific Regional Correctional Managers Seminar)** သို့ ပြည်ထဲရေးဝန်ကြီးဌာန၊ အကျဉ်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြင့်စိုး ဦးဆောင်သော ကိုယ်စားလှယ် ၂ ဦးတက်ရောက်ခဲ့ပါသည်။




အဆိုပါ ဆွေးနွေးပွဲအား **Le Meridien Hotel** တွင်ကျင်းပပြုလုပ်ခဲ့ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံ၊ တရုတ်နိုင်ငံ၊ ထိုင်းနိုင်ငံ၊ သီရိလင်္ကာနိုင်ငံ၊ ဖီဂျီနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံနှင့် **ICRC**မှ အဖွဲ့ဝင်ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ အကျဉ်းထောင်ညွှန်ကြားရေးမှူးချုပ် ဗိုလ်ချုပ်မှူးကြီး **Uddin** နှင့် **ICRC** အဖွဲ့ခေါင်းဆောင် **Ikhiyar Aslanov** မှ အဖွင့်အမှာစကားပြောကြားပြီး အစီအစဉ်အတိုင်း ဆွေးနွေးပွဲအား ဆက်လက်ကျင်းပပြုလုပ်ခဲ့ပါသည်။ ဆွေးနွေးပွဲတက်ရောက်လာသော ကိုယ်စားလှယ်များမှ အကျဉ်းထောင်များအတွင်း လုံခြုံရေးပိုင်းနှင့် လူသားချင်းစာနာထောက်ထားမှုပိုင်းဆိုင်ရာ လိုအပ်ချက်များ ဟန်ချက်ညီစေခြင်းနှင့် အကျဉ်းသားများကို အမျိုးအစားခွဲခြားခြင်းနှင့်ပတ်သက်၍ ဗဟုသုတ၊ အတွေ့အကြုံ၊ စိန်ခေါ်မှုများနှင့် အကောင်းဆုံးလက်တွေ့ကျင့်သုံးမှုများကို အကြံပြုဆွေးနွေးခဲ့ကြပါသည်။ ဆွေးနွေးပွဲအား ၂၀၁၇ ခုနှစ်၊ မေလ ၁၈ ရက်နေ့တွင် အောင်မြင်စွာကျင်းပပြုလုပ်ခဲ့ကြောင်း သိရှိရပါသည်။


## အကျဉ်းထောင်တွင်း တရားပွဲကျင်းပပြုလုပ်ပေးခြင်းနှင့် ကျွေးမွေးလှူဒါန်း



အကျဉ်းဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးကွပ်ကဲမှုအောက်ရှိ အင်းစိန်ဗဟိုအကျဉ်းထောင်တွင် ထောင်တွင်းမိသားစုကဇာတ်ရုံ**(K-4)**၌ ၂၈-၅-၂၀၁၇ ရက်နေ့တွင် တရားပွဲကျင်းပပြုလုပ်ခဲ့ရာ နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ဝင် မဟာဂန္ထဝါစက ပဏ္ဍိတဘဒ္ဒန္တဝဏ္ဏိတသာရ (ပျော်ဘွယ်ဆရာတော်မှ) ကြွရောက်တရားဟောကြားခဲ့ပါသည်။ဆရာတော်ကြီးမှ ဒါနကုသိုလ်၊ သီလကုသိုလ်၊ ဘာဝနာကုသိုလ်များကို အကြောင်းပြု၍ လောကီလောကုတ္တရာ နှစ်ဖြာအကျိုးရရှိစေခြင်းအလို့ငှာ "ကံ ကံ၏အကျိုး" တရားတော်အား ဟောကြားချီးမြှင့်ပေးခဲ့ပါသည်။

တရားပွဲသို့ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးအေးသွင်၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်မင်း၊ အရာထမ်း/အမှုထမ်းများနှင့် အကျဉ်းသား/သူ၊ အချုပ်သား/သူ စုစုပေါင်းအင်အား(၂၀၀)ဦး တက်ရောက်ခဲ့ပြီး သင်္ကန်း၊ ထီး၊ ဖိနပ်၊ ယပ်စသည့် လှူဘွယ်ဝတ္ထုများ၊ နဝကမ္မအလှူတော်ငွေနှင့် နေ့ဆွမ်းဆက်ကပ် လှူဒါန်းခဲ့ကြောင်း သတင်းရရှိပါသည်။

အလားတူ အကျဉ်းဦးစီးဌာန၊ စစ်ကိုင်းတိုင်းဒေသကြီးဦးစီးမှူးရုံးကွပ်ကဲမှုအောက်ရှိ ရွှေဘိုအကျဉ်းထောင်တွင် ပြစ်ဒဏ်ကျခံလျက်ရှိသော အကျဉ်းသား/သူများအား စိတ်နှလုံးသိမ်မွေ့နူးညံ့လာစေရေးအတွက် ရွှေဘိုမြို့၊ အမှတ်(၇)ရပ်ကွက်၊ နေရဗာန်တိုက်ဟောင်းကျောင်းတိုက်ဆရာတော် အရှင်နန္ဒိသေန(သာသနဓဇမဟာစရိယ)မှ ၁၈-၅-၂၀၁၇ရက်နေ့တွင် နိဗ္ဗာန်ရောက်ကြောင်း တရားဟောကြားပြီး နံနက်စာငါးပေါင်းဟင်းကျွေးမွေးလှူဒါန်းခဲ့ကြောင်းသတင်းရရှိပါသည်။



## အကျဉ်းသား၊ အကျဉ်းသူများ တက္ကသိုလ်ဝင်တန်းစာမေးပွဲဖြေဆိုအောင်မြင်မှု

၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင် အင်းစိန်ဗဟိုအကျဉ်းထောင်မှ ကျား ၂၇ ဦး၊ မ ၁ ဦး၊ မန္တလေးဗဟို အကျဉ်းထောင်မှ ကျား ၉ ဦး၊ မ ၂ ဦး၊ သာယာဝတီဗဟိုအကျဉ်းထောင်မှ အချုပ်သား ၁ ဦး၊ ဘားအံအကျဉ်းထောင်မှ အချုပ်သား ၁ ဦး၊ ပေါင်း ကျား ၃၈ ဦး၊ မ ၃ ဦး၊ စုစုပေါင်း ၄၁ ဦး တက္ကသိုလ်ဝင်တန်းဝင်ရောက်ဖြေဆိုခဲ့ရာ ၁၆ ဦးအောင်မြင်ခဲ့ပါသည်။



အောင်မြင်သူ ၁၆ ဦးတွင် အင်းစိန်ဗဟိုအကျဉ်းထောင်မှ တစ်ဘာသာဂုဏ်ထူးဖြင့်အောင်မြင်သူ ၁ ဦး၊ ရိုးရိုးအောင်မြင်သူ ၈ ဦး၊ မန္တလေးဗဟိုအကျဉ်းထောင်မှ ပထဝီ၊ သမိုင်း၊ ဘောဂဗေဒ ၃ ဘာသာဂုဏ်ထူးဖြင့်အောင်မြင်သူအကျဉ်းသူ ၁ ဦး၊ တစ်ဘာသာဂုဏ်ထူးဖြင့်အောင်မြင်သူ ၄ ဦး၊ ရိုးရိုးအောင်မြင်သူ ၂ ဦးဖြစ်၍ အောင်ချက်ရာခိုင်နှုန်းမှာ ၃၉.၀၂ ရာခိုင်နှုန်းရှိကြောင်း သတင်းရရှိပါသည်။

## တိုင်းဒေသကြီး/ပြည်နယ်တရားလွှတ်တော်တရားသူကြီးများ၊ ခရိုင်တရားသူကြီးများ ဝင်ရောက်ကြည့်ရှုစစ်ဆေး

၂၀၁၇ ခုနှစ်၊ မေလတွင် အကျဉ်းဦးစီးဌာန ကွပ်ကဲမှုအောက်ရှိ အကျဉ်းထောင်များဖြစ်သော မန္တလေး ဗဟိုအကျဉ်းထောင်၊ ညောင်ဦး၊ မြင်းခြံ၊ ပုသိမ်၊ ဖျာပုံ၊ ကော့သောင်း၊ ကျောက်ဖြူ၊ သံတွဲအကျဉ်းထောင်များသို့ သက်ဆိုင်ရာ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး၊ တိုင်းဒေသကြီး/ ပြည်နယ်တရားလွှတ်တော် တရားသူကြီးများနှင့်ခရိုင် တရားသူကြီးများမှ ဝင်ရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိပါသည်။




## ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်



အကျဉ်းဦးစီးဌာန ကွပ်ကဲမှုအောက်ရှိ အကျဉ်းထောင်၊ စခန်းများဖြစ်သော အင်းစိန်၊ မန္တလေး ဗဟိုအကျဉ်းထောင်၊ ပခုက္ကူ၊ မုံရွာ၊ ဖန်းမော်၊ မြင်းခြံ၊ မြစ်ကြီးနား၊ သီပေါအကျဉ်းထောင်၊ သနပ်စိုက်ပျိုး မွေးမြူရေးနှင့် အသက်မွေးမှုအတတ်သင် စခန်းတို့ရှိ အကျဉ်းသား/သူ၊ အချုပ်သား/ သူများအား ၂၀၁၇ ခုနှစ်၊ မေလတွင် ကျန်းမာရေးဦးစီးဌာနမှ ခုခံကျ/ကာလသား၊ **TB**၊ သွားဘက်ဆိုင်ရာ၊ အထွေထွေရောဂါကု၊ အနာကြီးရောဂါ၊ စိတ်ကျန်းမာရေး၊ ခွဲစိတ်အထူးကုနှင့် ပြည်သူ့ကျန်းမာရေး စသော သက်ဆိုင်ရာ ရောဂါတိုက်ဖျက်ရေးအဖွဲ့များဝင်ရောက်၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးခြင်း၊ ကျန်းမာရေးပညာပေး ဟောပြောပွဲပြုလုပ်ခဲ့သည့်အပြင် အကျဉ်းထောင်အသီးသီးရှိ အကျဉ်းသူ၊ အချုပ်သူများ၏ ကလေးငယ်များအား ဒေသန္တရ ကျန်းမာရေးအဖွဲ့မှ **TB**၊ ဆုံဆို့၊ အသည်းရောင်၊ ပိုလီယိုနှင့်ဝက်သက် ကာကွယ်ဆေးများ ထိုးပေးခဲ့ကြောင်း သတင်းရရှိပါသည်။

အကျဉ်းဦးစီးဌာနကွပ်ကဲမှု အောက်ရှိ အကျဉ်းထောင်အသီးသီးတွင် ပြင်ပ **NGOs** အဖွဲ့များ၊ ကျန်းမာရေးဦးစီးဌာနနှင့်ပူးပေါင်း၍ လစဉ်ကျန်းမာရေးစစ်ဆေး ကုသပေးလျက်ရှိရာ ခုခံအားကျဆင်းမှုနှင့် ကာလသားရောဂါ တိုက်ဖျက်ရေးအဖွဲ့များ ဖြစ်သော **National Aids Control Program** အဖွဲ့သည် ၉-၅-၂၀၁၇ ရက်နေ့တွင် အင်းစိန် ဗဟိုအကျဉ်းထောင်၊ **Asia Harm Reduction Network** အဖွဲ့သည် ၁၆-၅-၂၀၁၇ ရက်နေ့တွင် ဖန်းမော်အကျဉ်းထောင်၊ **MSF(Holland)** အဖွဲ့သည် ၁၃-၅-၂၀၁၇ ရက်နေ့တွင် လားရှိုးအကျဉ်းထောင်၊ ၁၁-၅-၂၀၁၇ ရက်နေ့တွင် မြစ်ကြီးနားအကျဉ်းထောင်၊ **UNION ART Supply** အဖွဲ့သည် ၁၇-၅-၂၀၁၇ ရက်နေ့တွင် မန္တလေးဗဟိုအကျဉ်းထောင်တို့သို့ လာရောက်၍ အကျဉ်းသား/သူ၊ အချုပ်သား/သူများအားနှစ်သိမ့် ဆွေးနွေးခြင်းများပြုလုပ်ခဲ့ပြီး လိုအပ်သော ဆေးဝါးကုသမှုများပြုလုပ်ပေးခဲ့ကြောင်း သတင်းရရှိပါသည်။





## အကျဉ်းဦးစီးဌာန၊ အနုပညာဝန်ထမ်းများမှ နယ်လှည့်ဖျော်ဖြေခြင်း



အကျဉ်းဦးစီးဌာန၊ နယ်လှည့်ဖျော်ဖြေရေးအဖွဲ့သည် ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ် ဦးစီးမှူးရုံး ကွပ်ကဲမှုအောက်ရှိ အကျဉ်းထောင်၊ ကုန်ထုတ်စခန်း၊ စိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှု အတတ်သင်စခန်းများသို့ ၂-၅-၂၀၁၇ ရက်နေ့မှ ၂၄-၅-၂၀၁၇ ရက်နေ့အထိ သွားရောက်ဖျော်ဖြေခဲ့ကြပါသည်။

အကျဉ်းထောင်၊ စခန်းအသီးသီးတွင် ပြစ်ဒဏ်ကျခံလျက်ရှိသော အကျဉ်းသား/သူ၊ အချုပ်သား/သူများစိတ်ပိုင်းဆိုင်ရာ သိမ်မွေ့နူးညံ့လာစေရေးနှင့် အကျဉ်းကျခံစိတ်များ ပပျောက်စေပြီး ပျော်ရွှင်မှုရရှိစေရန်ရည်ရွယ်၍ အကျဉ်းဦးစီးဌာန နယ်လှည့်ဖျော်ဖြေရေး အဖွဲ့မှ အခါအားလျော်စွာ သွားရောက်ဖျော်ဖြေခဲ့ကြပါသည်။

ခရီးစဉ်တွင် ဝန်ထမ်းများ၊ အကျဉ်းသား/သူ၊ အချုပ်သား/သူများမှ ယင်းတို့ကြိုက်နှစ်သက်ရာ တေးသီးချင်း၊ အကများဖြင့်ပျော်ရွှင်ချမ်းမြေ့စွာ ပါဝင်ဆင်နွှဲခဲ့ကြပါကြောင်း သတင်းရရှိပါသည်။

## ဝတ်ပြုဆုတောင်းခြင်းနှင့် ကျေးမွေးလျှုဒါန်းခြင်း

၂၀၁၇ ခုနှစ်၊ မေလတွင် အကျဉ်းဦးစီးဌာန ကွပ်ကဲမှုအောက်ရှိ အကျဉ်းထောင်၊ စခန်းများရှိ ခရစ်ယာန်ဘာသာဝင်အကျဉ်းသား/သူများအား ကျွေးမွေးလှူဒါန်းခြင်းနှင့် ဝတ်ပြုဆုတောင်းခြင်းများခွင့်ပြုခဲ့ရာ မြစ်ကြီးနား၊ ရွှေဘို၊ ကလေးအကျဉ်းထောင်၊ ရွှေမြယာ၊ လွင်ကြီးစိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှု အတတ်သင်စခန်းနှင့် ဘဲလင်း(၁)၊ ဘဲလင်း(၂)ကုန်ထုတ်စခန်းတို့တွင် ဝတ်ပြုဆုတောင်းခြင်း၊ ဓမ္မတေးသီချင်းများသီဆိုခြင်းနှင့် ကျွေးမွေးလှူဒါန်းခြင်းများ ပြုလုပ်ခဲ့ကြောင်း သတင်းရရှိပါသည်။



# မီးသတ်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြတ်သူ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မီးသတ်စခန်းများ ကြည့်ရှုစစ်ဆေး



မီးသတ်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြတ်သူသည် ၂၀၁၇ ခုနှစ်၊ မေလ ၁၉ ရက်နေ့မှ မေလ ၂၁ ရက်နေ့အထိ မန္တလေးတိုင်းဒေသကြီး အတွင်းရှိ ရမည်းသင်းခရိုင်မီးသတ် ဦးစီးမှူးရုံး၊ ပျော်ဘွယ်မြို့နယ်မီးသတ် စခန်း၊ မိတ္ထီလာခရိုင်မီးသတ်ဦးစီးမှူးရုံး၊ ကျောက်ဆည်ခရိုင်မီးသတ်ဦးစီးမှူးရုံး၊ ဗဟိုမီးသတ်သင်တန်းကျောင်း၊ မန္တလေး တိုင်းဒေသကြီးမီးသတ်ဦးစီးမှူးရုံး၊ မြင်းခြံ ခရိုင်မီးသတ် ဦးစီးမှူးရုံး၊ ညောင်ဦးခရိုင် မီးသတ်ဦးစီးမှူးရုံးများသို့ လှည့်လည် စစ်ဆေးခဲ့ပါသည်။

အဆိုပါ ခရီးစဉ်အတွင်း မီးသတ် ဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြတ်သူမှ သက်ဆိုင်ရာ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ သန္ဓေ/အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့်တွေ့ဆုံ၍ ခရိုင်မီးသတ်ဦးစီးမှူးမှ မီးသတ်တပ်ဖွဲ့ လုပ်ငန်းဆိုင်ရာများကို **Power Point**ဖြင့် ရှင်းလင်းတင်ပြပြီး၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြတ်သူမှ တပ်ဖွဲ့ဝင်များအား မီးဘေးလုံခြုံရေး၊ မီးဘေး သတိမူရေးနှင့် မီးဘေးကြိုတင်ကာကွယ်ရေး အပိုင်းများကို ဦးစားပေး လုပ်ဆောင်ရန်လိုအပ်ကြောင်း၊ နိုင်ငံတော်၏ မူဝါဒ၊ ဝန်ကြီးဌာန၏ မူဝါဒများ သိရှိနားလည်ပြီး မီးလောင်မှုများ မဖြစ်ပွားစေရေး ကြိုးပမ်း ဆောင်ရွက်ရန်၊ မီးသတ်တပ်ဖွဲ့ ဥပဒေ၊ နည်းဥပဒေများကို တစ်ဦးချင်း သိရှိနားလည်စေရန်၊ အုပ်ချုပ်မှု လျော့နည်းဖြစ်စဉ်များ မဖြစ်ပွားစေရေး အတွက် အဆင့်ဆင့်ကြီးကြပ် ကွပ်ကဲရန်၊ အရက်၊ မူးယစ်ဆေးဝါး၊ လောင်းကစား၊ လာဘ်ပေးလာဘ်ယူကိစ္စများ မဖြစ်ပွားစေရေး၊ တပ်ဖွဲ့ဝင်အချင်းချင်း မိသားစု စိတ်ဓာတ်ဖြင့် ချစ်ချစ်ခင်ခင် စည်းလုံး ညီညွတ်စွာနေထိုင်ကြရန် လမ်းညွှန်မှာ ကြားခဲ့ပြီး ဗဟိုမီးသတ်သင်တန်းကျောင်းမှ အရာရှိများ၊ နည်းပြများနှင့် သင်တန်း သား/သူများအား တွေ့ဆုံ၍ စိုက်ပျိုး/မွေးမြူရေးလုပ်ငန်းများ၊ လေ့ကျင့်ရေး ကွင်းများ၊ အထောက်အကူပြုပစ္စည်း များနှင့် သင်တန်းသားအိပ်ဆောင်များကို လှည့်လည်ကြည့်ရှုခဲ့ပါသည်။ ထို့နောက် ပုဂံညောင်ဦးမြို့နယ်တွင် တပ်ဖွဲ့ဝင်များ နှင့် တွေ့ဆုံရာ၌ ပုဂံညောင်ဦးဒေသ သည် မြန်မာနိုင်ငံရဲ့ ယဉ်ကျေးမှုဒေသ ဖြစ်၍ သာသနိကအဆောက်အအုံများ နိုင်ငံခြားသား ဧည့်သည်များ အများဆုံး လာရောက်ခြင်းများကြောင့် ဟိုတယ်၊ မိုတယ်၊ တည်းခိုခန်းများ၊ မီးဘေးကြိုတင် ကာကွယ်ရေးအတွက်စစ်ဆေးရေးအဖွဲ့များ အနေဖြင့်စနစ်တကျစစ်ဆေးဆောင်ရွက်ရန်၊ ပြည်သူလူထုမှယုံကြည်ရသော မီးသတ် တပ်ဖွဲ့ဝင်များဖြစ်အောင် မီးငြိမ်းသတ် ရေးနှင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်း များကို ကြိုးစားလုပ်ဆောင်သွားကြရန် မှာကြားခဲ့ပြီး တပ်ဖွဲ့ဝင်မိသားစုများကို လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိပါသည်။

## ဝိပဿနာတရားစခန်းပွဲများဖွင့်လှစ်ကျင်းပ




အကျဉ်းဦးစီးဌာနကွပ်ကဲမှုအောက်ရှိ အကျဉ်းထောင်၊ စခန်းများတွင် အကျဉ်းသား/သူ၊ အချုပ်သား/သူများ၏ စိတ်နှလုံးနူးညံ့သိမ်မွေ့လာစေရေးအတွက်ရည်ရွယ်၍ အကျဉ်းထောင်/စခန်းတွင်း ဝိပဿနာတရားစခန်းများကို ဖွင့်လှစ်ဆောင်ရွက်ပေးလျက်ရှိရာ ၂၀၁၇ ခုနှစ်၊ မေလတွင် မန္တလေးဗဟိုအကျဉ်းထောင်၊ ရမည်းသင်း၊ ပခုက္ကူ၊ မြစ်ကြီးနား၊ ရွှေဘို၊ မိတ္ထီလာ၊ သထုံအကျဉ်းထောင်နှင့် မြို့သစ်စိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှု အတတ်သင်စခန်းတို့တွင် အကျဉ်းထောင်/စခန်းတွင်း ဝိပဿနာတရားစခန်းများ အသီးသီး ဖွင့်လှစ်ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိပါသည်။

## ထားဝယ်အကျဉ်းထောင်သို့ ပြင်ပအလှူရှင်များ ဝင်ရောက်ကျွေးမွေးလှူဒါန်း

အကျဉ်းဦးစီးဌာန၊ တနင်္သာရီတိုင်းဒေသကြီးဦးစီးမှူးရုံးကွပ်ကဲမှုအောက်ရှိ ထားဝယ်အကျဉ်းထောင်တွင် ပြစ်ဒဏ်ကျခံလျက်ရှိသော အကျဉ်းသား/သူ၊ အချုပ်သား/သူများအတွက် ပြင်ပအလှူရှင် **TM Engineering Construction Co.,Ltd (General Manger)**တာဝန်ခံ ဒေါ်မေသူဇာမင်းပါ အဖွဲ့ဝင် ၅ ဦးတို့မှ ငွေကျပ်(၅၀၀,၀၀၀/-) တန်ဖိုးရှိ ညနေစာကြက်သားဟင်းလျာအား ဝင်ရောက်ကျွေးမွေးလှူဒါန်းခဲ့ပါကြောင်း သတင်းရရှိပါသည်။



## အ သုံးလုံးသင်တန်းနှင့် အသက်မွေးမှုအတတ်ပညာများသင်ကြား



အကျဉ်းဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံးကွပ်ကဲမှုအောက်ရှိ မြင်းခြံအကျဉ်းထောင်တွင် အကျဉ်းသား/သူများအား ပြင်ပနယ်ပယ်သို့ ရောက်ရှိပါက စာပေမတတ်မြောက်မှုကြောင့် စိတ်အားငယ်မှုမရှိပဲ လူမှုပတ်ဝန်းကျင်တွင် လူတန်းစေ့နေနိုင်စေရန်နှင့် ပြစ်ဒဏ်မှ လွတ်မြောက်သွားသောအခါ အသက်မွေးဝမ်းကျောင်း အတတ်ပညာတစ်ခုခု တတ်မြောက်သွားစေရန်ရည်ရွယ်၍ "အ" သုံးလုံး သင်တန်းကို အကျဉ်းသား/သူ ၁၀၀ ဦးဖြင့်လည်းကောင်း၊ စက်ပြင်သင်တန်းကို အကျဉ်းသား ၃၆ ဦးဖြင့်လည်းကောင်း၊ မုန့်လုပ်နည်းသင်တန်းကို အကျဉ်းသူ ၃၀ ဦးဖြင့်လည်းကောင်း ၁-၃-၂၀၁၇ ရက်နေ့မှ ၁၄-၅-၂၀၁၇ ရက်နေ့အထိဖွင့်လှစ်သင်ကြားပေးခဲ့ပါသည်။

သင်တန်းဆင်းပွဲတွင် "အ"သုံးလုံး သင်တန်းသား အကျဉ်းသား ၁ ဦးနှင့် အကျဉ်းသူ ၁ ဦးတို့မှ စာဖတ်စွမ်းရည်များပြသခဲ့ပြီး အကျဉ်းထောင်တာဝန်ခံ အရာရှိမှ သင်တန်းဆရာ အကျဉ်းသား/သူများအား လက်ဆောင်ပစ္စည်းများပေးခဲ့ပါကြောင်းသတင်းရရှိပါသည်။

## မီးသတ်ဦးစီးဌာန၊ ဗဟိုမီးသတ်သင်တန်းကျောင်းတွင် အခြေခံကွန်ပျူတာသင်တန်း အမှတ်စဉ်(၂၅/၂၀၁၇)သင်တန်းဖွင့်ပွဲ အခမ်းအနားကျင်းပ




ပြည်ထဲရေးဝန်ကြီးဌာန၊ မီးသတ်ဦးစီးဌာန၊ ဗဟိုမီးသတ်သင်တန်းကျောင်းတွင် အခြေခံကွန်ပျူတာသင်တန်း အမှတ်စဉ်(၂၅/၂၀၁၇)သင်တန်းဖွင့်ပွဲ အခမ်းအနားကို ၁၂-၆-၂၀၁၇ရက်နေ့၊ (၀၈း၃၀)အချိန်၊ ဗဟိုမီးသတ်သင်တန်းကျောင်း၊ အနော်ရထာခန်းမတွင် ကျင်းပပြုလုပ်ခဲ့ရာ ဗဟိုမီးသတ်သင်တန်းကျောင်း၊ ကျောင်းအုပ်ကြီး ဒုတိယညွှန်ကြားရေးမှူးချုပ်ဦးသန်းကျော်ကျော်မှ သင်တန်းဖွင့်အမှာစကား ပြောကြားပါသည်။

အဆိုပါသင်တန်းကို မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့၏ ရည်ရွယ်ချက်များ၊ အဓိကတာဝန်ကြီး(၄)ရပ်၊ လုပ်ငန်းစဉ်ကြီး(၇)ရပ်တို့ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပိုမိုထိရောက်အောင်မြင်စွာဆောင်ရွက်နိုင်ရန်၊ မီးသတ်တပ်ဖွဲ့ဝင်များ ကွန်ပျူတာဘာသာရပ်ကို တတ်ကျွမ်းနားလည်ပြီး လက်တွေ့အသုံးချနိုင်စေရန်နှင့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ကို ခေတ်မီနိုင်ငံတကာ မီးသတ်တပ်ဖွဲ့များနှင့်အညီ ရင်ပေါင်တန်းနိုင်စေရန်နှင့် **e-Government** လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အထောက်အကူပြုစေရန် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်ပါသည်။

သင်တန်းဖွင့်ပွဲ အခမ်းအနားကို ဗဟိုမီးသတ်သင်တန်းကျောင်းမှ ဒုတိယကျောင်းအုပ်ကြီး၊ ဌာနမှူးများ၊ ဌာနခွဲမှူးများ၊ ဦးစီးအရာရှိများ၊ သင်တန်းနည်းပြများနှင့် တိုင်းဒေသကြီး/ပြည်နယ်မီးသတ်စခန်းအသီးသီးမှ သင်တန်းသား/သူ(၂၅)ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းကို ၂၀၁၇ခုနှစ်၊ ဇွန်လ ၁၂ ရက်နေ့မှ ဩဂုတ်လ ၄ ရက်နေ့အထိ ရက်သတ္တ(၈)ပတ်ကြာ ဖွင့်လှစ်ခဲ့ကြောင်း သတင်းရရှိပါသည်။

## မီးသတ်ဦးစီးဌာန၊ မိသားစုစည်းရုံးရေးနှင့် စည်းကမ်းထိန်းသိမ်းရေးကော်မတီဆွေးနွေးပွဲကျင်းပ

၈-၆-၂၀၁၇ရက်နေ့၊ ရန်ကုန်မြို့၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဌာနချုပ်၊ သီတာခန်းမတွင် မီးသတ်ဦးစီးဌာန၊ မိသားစုစည်းရုံးရေးနှင့် စည်းကမ်းထိန်းသိမ်းရေးကော်မတီဆွေးနွေးပွဲကို မိသားစုစည်းရုံးရေးနှင့် စည်းကမ်းထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ၊ မီးသတ်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်၏ဇနီး ဒေါက်တာဒေါ်ခင်မေအေး ဦးဆောင်၍ ကျင်းပပြုလုပ်ခဲ့ပါသည်။

အဆိုပါဆွေးနွေးပွဲတွင် မိသားစုဝင်များနှင့် တပ်ဖွဲ့ဝင်အမျိုးသမီး ဝန်ထမ်းများ တက်ရောက်ကြပါသည်။ ဆွေးနွေးပွဲတွင် မိသားစု စည်းရုံးရေးနှင့်စည်းကမ်းထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်မေအေးမှ သဘာပတိအဖြစ်ဆောင်ရွက်ပြီး မိသားစုဝင်များကိုယ်စား လက်ထောက်ညွှန်ကြားရေးမှူး ဦးရွှေဘ၏ဇနီး ဒေါ်ခင်နွဲ့ရွှေမှ **"စည်းကမ်းဟာအကျင့်စာရိတ္တ"**ခေါင်းစဉ်ဖြင့်လည်းကောင်း၊ တပ်ဖွဲ့ဝင်အမျိုးသမီးဝန်ထမ်းများကိုယ်စား လက်ထောက်မီးသတ်ဦးစီးမှူးဒေါ်နွယ်နီဝေမှ**"သွေးလွန်တုတ်ကွေးရောဂါများအကြောင်း"** ခေါင်းစဉ်ဖြင့်လည်းကောင်း ဆွေးနွေးကြပါသည်။

ထို့နောက် မိသားစုစည်းရုံးရေးနှင့်စည်းကမ်းထိန်းသိမ်းရေးကော်မတီမှ ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် ပညာသင်ကြားနေသော တပ်ဖွဲ့ဝင်များ၏သားသမီးများအား ကျောင်းသုံးစာရေးကိရိယာပစ္စည်းများထောက်ပံ့ပေးအပ်ခြင်းနှင့် မိသားစုစည်းရုံးရေးနှင့် စည်းကမ်းထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်မေအေးမှ ဆွေးနွေးတင်ပြချက်များအပေါ် ထပ်ဆင့်ဆွေးနွေးပြီး နိဂုံးချုပ် အမှာစကားပြောကြားခဲ့ပြီးနောက် လိုင်းခန်းသန့်ရှင်းရေး အကောင်းဆုံးဆုရရှိသူ အမျိုးသမီးတပ်ဖွဲ့ဝင် အိမ်ရှင်မ(၁)ဦးနှင့် မိသားစုအိမ်ရှင်မ(၁)ဦးတို့အား ဆုများအသီးသီးပေးအပ်ခဲ့ကြောင်း သတင်းရရှိပါသည်။



## မီးသတ်တပ်ဖွဲ့ဝင်များမှ သောက်သုံးရေများ ပေးဝေလှူဒါန်း



၁၈-၅-၂၀၁၇ရက်နေ့၊ (၁၄း၀၀)အချိန်၊ မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်၊ ဆပ်ပြာကျင်းကျေးရွာအုပ်စု၊ ကျောက်ပုံကျင်းကျေးရွာတွင် သောက်သုံးရေရှားပါးမှုကြောင့် ခရိုင်မီးသတ်ဦးစီးမှူးရုံးမှ သန္နေမီးသတ်တပ်ဖွဲ့ဝင်(၆)ဦးတို့သည် မီးငြိမ်းသတ်ယာဉ်၊ မီးသတ်ရေသယ်ယာဉ်တို့ဖြင့် သောက်သုံးရေ (၂၀၀၀)ဂါလန်အား ပေးဝေလှူဒါန်းခဲ့ကြောင်း သတင်းရရှိပါသည်။

အလားတူ ၂၆-၅-၂၀၁၇ရက်နေ့၊ (၀၈း၀၀)အချိန်၊ မကွေးတိုင်းဒေသကြီး၊ ချောက်မြို့နယ်၊ ငွေချိုတိုက်နယ်၊ ကျွဲတပ်ကျေးရွာတွင် သောက်သုံးရေရှားပါးမှုကြောင့် ငွေချိုနယ်မြေမီးသတ်စခန်းမှ လက်ထောက်မီးသတ်ဦးစီးမှူးကျော်မင်းထွေး အပါအဝင် သန္နေတပ်ဖွဲ့ဝင်(၃)ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင်(၇)ဦးနှင့် ရဲတပ်ဖွဲ့ဝင်များပူးပေါင်း၍ ကျွဲတပ်ကျေးရွာရှိ အိမ်ခြေ(၂၂၃)အိမ်မှ လူဦးရေ (၁၀၁၆)ဦးအတွက် မီးသတ်ရေသယ်ယာဉ်တို့ဖြင့် သောက်သုံးရေ (၁၆၀၀)ဂါလန်အား ပေးဝေလှူဒါန်းခဲ့ကြောင်း သတင်းရရှိပါသည်။



## မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်၊ သပြေညိုကိုယ်ပိုင်အထက်တန်းကျောင်းရှိ ကျောင်းသား/သူများအား မီးဘေးကြိုတင်ကာကွယ်ရေးဟောပြောခြင်းနှင့် လက်တွေ့မီးငြိမ်းသတ်မှု သရုပ်ပြသ

၂၇-၅-၂၀၁၇ရက်နေ့၊ (၁၁း၀၀)အချိန်မှ (၁၂း၀၀)အချိန်အထိ မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်၊ သပြေညို ကိုယ်ပိုင်အထက်တန်းကျောင်းရှိ ကျောင်းသား/သူ(၂၀၀)ဦးတို့အား မီးဘေးလုံခြုံရေးအသိပညာများ စိမ့်ဝင်ပျံ့နှံ့စေရေးအတွက် ပြည်ကြီးတံခွန်မြို့နယ်



မီးသတ်စခန်းမှ သန္နေမီးသတ်တပ်ဖွဲ့ဝင်(၅)ဦးနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်(၃)ဦးတို့မှ မီးဘေးကြိုတင်ကာကွယ်ရေးဟောပြောခြင်း၊ လက်တွေ့မီးငြိမ်းသတ်မှုသရုပ်ပြသခြင်းများဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါသည်။

# လူကုန်ကူးမှုအန္တရာယ်ဝိုင်းဝန်းကာကွယ်

ရေးသားသူဆောင်းပါးရှင်- မောင်မင်းခေါင်

ယနေ့ခေတ်ကာလသည် နည်းပညာများတိုးတက်လာသည်နှင့်အမျှ လူတို့၏စိတ်သည်လည်း ကြောက်ခမန်းလိလိပင် ရက်စက်ယုတ်မာလာကြသည်။ လူသားတို့၏ အသက်အိုးအိမ်စည်းစိမ်နှင့် အနာဂတ်ဘဝကို နင်းခြေဖျက်ဆီးပြီး မိမိတို့၏ဘဝကို တည်ဆောက်ကြကာ လူသားအချင်းချင်းစာနာထောက်ထားမှုမရှိဘဲ ဘဝများကို ဖျက်ဆီးပစ်တတ်ကြသည့်သူများမှာ လူကုန်ကူးသူများပင်ဖြစ်သည်။

မြန်မာနိုင်ငံတွင်နေထိုင်သော လူဦးရေ၏ ရာခိုင်နှုန်းအတော်များများသည် ကျေးလက်နေပြည်သူများဖြစ်ပြီး ဗဟုသုတနည်းပါး၍ ရိုးသားကြသဖြင့် အခွင့်အရေးသမားများ၏ သားကောင်များဖြစ်လာကြသည်။ အထူးသဖြင့် အလုပ်အကိုင်ရှားပါးပြီး ဝင်ငွေရှားပါးသဖြင့် ထိုအချက်များနှင့် စည်းရုံးဆွဲဆောင်တတ်ကြသည်။ လူကုန်ကူးသူများသည် တစ်ဦးတည်းပြုမှုနည်းပါးပြီး အများအားဖြင့် အဖွဲ့လိုက်ကျူးလွန်တတ်ကြသည်။ လူကုန်ကူးခံရသူများ၏ ဘဝသည် အသက်ရှင်လျက်ရှိခဲ့လျှင်ပင် တိရစ္ဆာန်ကဲ့သို့ အမျိုးမျိုးနှိပ်စက်ညှင်းပန်းခံရတတ်ကြသည်။ ပြည့်တန်ဆာအဖြစ် ခိုင်းစေခြင်း၊ အိမ်ဖော်အဖြစ်ခိုင်းစေခြင်း၊ မူးယစ်ဆေးဝါးနှင့်သိမ်းသွင်းပြီး ဒုစရိုက်မှုအမျိုးမျိုးတွင် ခိုင်းစေခြင်းစသဖြင့် အမျိုးမျိုးနှိပ်စက်ညှင်းပန်းခံရပြီး လူညွှန့်တုံးကာ ဘဝဆုံးတတ်ကြသည်။ အလွန်ပင်ကြောက်စရာကောင်းသော အရာဖြစ်သည်။ သို့ဖြစ်၍ မိမိတို့၏ ဇနီး/သားသမီးများ လူကုန်ကူးမှု မခံရစေရေးအတွက် သတိထားဆင်ခြင်၍ သွားလာနေထိုင်ကြရန်လိုအပ်ပြီး အပြင်သို့ တစ်ဦးတည်းစေလွှတ်ခြင်း၊ မိမိတို့ ဘဝရပ်တည်ရေး မျှော်လင့်ချက်များ၊ အခက်အခဲများအတွက် အလုပ်အကိုင် ရှာဖွေရာတွင် လုပ်ခလစာ ကောင်းကောင်းပေးမည့် အလုပ်အကိုင်များရှိကြောင်း မက်လုံးပေးစည်းရုံးပြောဆိုမှုများအား မစဉ်းစားမဆင်ခြင်ဘဲ ယုံကြည်လွယ်ခြင်းများကို ရှောင်ကျဉ်သင့်ပေသည်။

လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေပုဒ်မ ၃(က)တွင် ဖော်ပြထားသော လူကုန်ကူးမှုဆိုသည်မှာ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ကို ထိုသူ၏သဘောတူညီချက် ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ခေါင်းပုံဖြတ်ခြင်းပြုရန်အလို့ငှာခြိမ်းခြောက်ခြင်း၊ အင်အားသုံးခြင်း(သို့)အခြားနည်းဖြင့် အနိုင်အထက်ပြုခြင်း၊ သွေးဆောင်ခေါ်ယူခြင်း၊ လိမ်လည်ခြင်း၊ လှည့်ဖြားခြင်း၊ အခွင့်အာဏာအလွဲသုံးစားပြုခြင်း(သို့မဟုတ်) ဘဝရပ်တည်ရန်ခက်ခဲသောအခြေအနေကို အလွဲသုံးစားပြုခြင်း၊ တစ်ဦးတစ်ယောက်အပေါ် ချုပ်ကိုင်နိုင်သောသူ၏ သဘောတူညီချက်ရရှိရန် ငွေကြေး (သို့မဟုတ်) အကျိုးအမြတ်ကိုပေးခြင်း (သို့မဟုတ်) လက်ခံရယူခြင်းတို့ကို ပြုလုပ်ပြီး လူများကို သိမ်းသွင်းစုဆောင်းခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ လွှဲပြောင်းခြင်း၊ ရောင်းချခြင်း၊ ဝယ်ယူခြင်း၊ ငှားရမ်းခြင်း၊ ခိုလှုံခွင့်ပေးခြင်း (သို့မဟုတ်)လက်ခံခြင်းတို့ကို ဆိုလိုပြီး ဗဟုသုတအနေဖြင့် သိရှိထားကြရန် လိုအပ်ပေသည်။

အကယ်၍ မိမိတို့၏ မိတ်ဆွေ၊ ဇနီး၊ သား/သမီးများထံမှ လူကုန်ကူးမှုကျူးလွန်ခံရပါက မိမိတို့၏ တိုင်းဒေသကြီး/ ပြည်နယ်/ခရိုင်နှင့် မြို့နယ်လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့ အဆင့်ဆင့်သို့ တင်ပြပြီး လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေပုဒ်မ ၅(က)အရ ဖွဲ့စည်းထားသော ဗဟိုအဖွဲ့နှင့်ချိတ်ဆက်ဆောင်ရွက်ရန် လိုအပ်ပေသည်။ ယင်းအဖွဲ့မှ လူကုန်ကူးခံရသူများကိုကာကွယ်စောင့်ရှောက်ရေး၊ အကူအညီပေးရေးလုပ်ငန်းများ၊ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ လိုအပ်လျှင် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ ပြည်ပနိုင်ငံများ၊ ပြည်တွင်း/ပြည်ပရှိ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ဆက်သွယ်ညှိနှိုင်းဆောင်ရွက်ခြင်း၊ အကူအညီရယူခြင်းတို့ကို ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေ ပုဒ်မ(၂၄)အရ မည်သူမဆို အမျိုးသမီးများ၊ ကလေးသူငယ်နှင့် လူငယ်များအား လူကုန်ကူးမှုကျူးလွန်ကြောင်း၊ ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံးထောင်ဒဏ်(၁၀)နှစ်မှ အများဆုံးထောင်ဒဏ်(တစ်သက်)အထိ ချမှတ်မည့်အပြင် ငွေဒဏ်လည်းချမှတ်နိုင်သည်။ လူကုန်ကူးမှုမခံရစေရေးနှင့် ကျူးလွန်ခံရမှုများရှိခဲ့ပါက မည်ကဲ့သို့ဆောင်ရွက်သင့်သည်ကို လေ့လာမှတ်သားပြီး မိမိတို့ပတ်ဝန်းကျင် သာယာလုံခြုံရေးကို ကူညီဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း တင်ပြလိုက်ရပေသည်။

* * *

## နေပြည်တော်၊ ဇေယျာသီရိမြို့နယ်၊ Perfect Oil စက်သုံးဆီ အရောင်းဆိုင်အား မီးဘေးလုံခြုံရေးစစ်ဆေးဆောင်ရွက်

နေပြည်တော်၊ ဥတ္တရခရိုင်၊ ဇေယျာသီရိမြို့နယ်အတွင်းရှိ စက်သုံးဆီအရောင်းဆိုင်များအား မီးဘေးလုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ၆-၆-၂၀၁၇ရက်နေ့ (၀၉း၄၅)နာရီမှ (၁၂း၀၀)နာရီအထိ **Perfect Oil** စက်သုံးဆီအရောင်းဆိုင်အား မီးဘေးကြိုတင်ကာကွယ်ရေးပစ္စည်းများ စစ်ဆေးခြင်းနှင့် ဆီသိုလှောင်ကန်များထားရှိမှု အခြေအနေ စစ်ဆေးခြင်းလုပ်ငန်းများကို ဇေယျာသီရိမြို့နယ်မီးသတ်ဦးစီးမှူး ဦးမျိုးသူရဝင်းခေါင်းဆောင်၍ သန္ဓေမီးသတ်တပ်ဖွဲ့ဝင်(၄)ဦး၊ မီးသတ်စက်ယာဉ်(၁)စီးတို့ဖြင့် သွားရောက်စစ်ဆေး ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါသည်။




## မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာစံမြို့နယ်၊ ဟေမမာလာအနောက်ရပ်ကွက်၊ မြန္မာစားသောက်ဆိုင်တွင် မီးလောင်မှုဖြစ်



၂၀-၅-၂၀၁၇ရက်နေ့ (၀၄း၁၀)အချိန်ခန့်၊ မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာစံမြို့နယ်၊ ဟေမမာလာအနောက် ရပ်ကွက်၊အကွက်အမှတ်(၂၂၆)၊ (၂၆×၂၇)လမ်းကြား၊ ကမ်းနားလမ်းရှိ မြန္မာစားသောက်ဆိုင်(၁၀၀×၆၀)ပေ သွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်းတွင် လျှပ်စစ်မိန်းခုံအပူလွန်ကဲရာမှ မီးလောင်မှုဖြစ်ပွားခြင်းကြောင့် (၀၄း၁၂)အချိန်သတင်းရ၍ မန္တလေးတိုင်းအတွင်းရှိ မီးသတ်စခန်းများမှ မီးငြိမ်းသတ်ယာဉ်(၄၂)စီး၊ မီးသတ်ရေလယ်ယာဉ်(၈)စီး၊ အုပ်ချုပ်မှုယာဉ်(၂)စီး၊ သန္ဓေမီးသတ် တပ်ဖွဲ့ဝင်(၇၀)ဦး၊ အရန်မီးသတ် တပ်ဖွဲ့ဝင်(၁၈၀)ဦးတို့ဖြင့် ရေဂါလန်(၄၃၂၀၀)ခန့် အသုံးပြု ငြိမ်းသတ်ခဲ့ပါသည်။ မီးလောင်မှုကြောင့် (၁၀၀×၆၀)ပေ သွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်း(စားသောက်ဆိုင်) နှင့် အတွင်းရှိပစ္စည်းများမီးလောင်ခံရပြီး ဆုံးရှုံးမှုတန်ဖိုး ကျပ် ၉,၅၀၀,၀၀၀/-(ကျပ်ကိုးဆယ့်ငါးသိန်း) ခန့် ဖြစ်ကြောင်းနှင့် စားသောက်ဆိုင်မန်နေဂျာဖြစ်သူ ဦးကျော်ဇေယျာအား ချမ်းအေးသာစံမြို့နယ်၊ အမှတ်(၆)ရဲစခန်းမှ(ပ)၂၄၇/၂၀၁၇၊ ပြစ်မှုပုဒ်မ ၂၈၅ ဖြင့် အမှုဖွင့်ထားကြောင်း သတင်းရရှိပါသည်။

## လူကုန်ကူးမှုတိုက်ဖျက်ရေး တတိယ (၅)နှစ်စီမံကိန်း (၂၀၁၇-၂၀၂၁)အား အကောင်အထည်ဖော် ဆောင်ရွက်မည့် ၂၀၁၇ ခုနှစ် လုပ်ငန်းစီမံချက်နှင့်ပတ်သက်၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ




လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ တတိယ (၅)နှစ်စီမံကိန်း (၂၀၁၇-၂၀၂၁) အား အကောင်အထည်ဖော် ဆောင်ရွက်မည့် ၂၀၁၇ ခုနှစ် လုပ်ငန်းစီမံချက်နှင့် ပတ်သက်၍လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ၁၄-၆-၂၀၁၇ရက်နေ့ ၀၉း၀၀ အချိန်တွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၊ အရိန္ဒမာ ခန်းမတွင် ကျင်းပခဲ့ရာ အစည်းအဝေးသို့ လူကုန်ကူးမှု တိုက်ဖျက်ရေး (၅)နှစ်စီမံကိန်း အကောင်အထည်ဖော်ရေး လုပ်ငန်းအဖွဲ့ **(National Task Force)** အဖွဲ့ဝင် ရဲဦးစီးအရာရှိချုပ် ရဲမှူးချုပ် မျိုးဆွေဝင်းနှင့် ဌာနဆိုင်ရာအသီးသီးမှ ကိုယ်စားလှယ်များ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ စုစုပေါင်း (၃၁)ဦး တက်ရောက်ခဲ့ပါသည်။ အစည်းအဝေးအား အစီအစဉ် (၈)ရပ်ဖြင့် ကျင်းပပြုလုပ်ခဲ့ပြီး လူကုန်ကူးမှုတိုက်ဖျက် ရေးဆိုင်ရာ (၅)နှစ်စီမံကိန်း အကောင်အထည်ဖော်ရေး လုပ်ငန်းအဖွဲ့ **(National Task Force)** အဖွဲ့ဝင် ရဲဦးစီးအရာရှိချုပ် ရဲမှူးချုပ်မျိုးဆွေဝင်းက အဖွင့်အမှာ စကားပြောကြားခြင်း၊ လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၊ ဦးစီးအရာရှိ (ပထမတန်း)၊ ဒုတိယရဲမှူးကြီးသက်နောင်က ၂၀၁၇ ခုနှစ် လုပ်ငန်းစီမံချက်ပါ လုပ်ငန်းကဏ္ဍ(၄)ရပ်အလိုက် လုပ်ငန်းများ ရေးဆွဲထားရှိမှုနှင့်ပတ်သက်၍ ရှင်းလင်း တင်ပြခြင်း၊ တတိယ (၅)နှစ်စီမံကိန်း အကောင်အထည်ဖော်ရေးလုပ်ငန်းအဖွဲ့ အတွင်းရေးမှူး၊ လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၊ တပ်ဖွဲ့မှူး၊ ရဲမှူးချုပ်မြင့်ထူးက လုပ်ငန်းစီမံချက်ပါ လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်မှုအခြေအနေအား ရှင်းလင်းဆွေးနွေးခြင်း၊ တက်ရောက်လာသည့် အဖွဲ့ဝင်များမှ ၂၀၁၇ ခုနှစ် လုပ်ငန်းစီမံချက်ပါ လုပ်ငန်းများအနက် သက်ဆိုင်ရာလုပ်ငန်းများအားဆွေးနွေးခြင်း၊ လူကုန်ကူးမှုတိုက်ဖျက်ရေး (၅)နှစ် စီမံကိန်း အကောင်အထည်ဖော်ရေး လုပ်ငန်းအဖွဲ့ **(National Task Force)** အဖွဲ့ဝင်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ နိုင်ငံဖြတ်ကျော် မှုခင်းဌာနကြီးမှူးယာယီရဲမှူးချုပ်အောင်ဌေးမြင့် က နိဂုံးချုပ်အမှာ စကားပြောကြားခဲ့ပြီး အစည်းအဝေးကို (၁၅း၁၅)အချိန် ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိပါသည်။

## နေပြည်တော် Horizon Hotel ၌ လူကုန်ကူးခံရသူများအား စွမ်းရည်မြှင့်တင်ပေးခြင်းနှင့် တွေ့ဆုံဆွေးနွေးပွဲ ကျင်းပပြုလုပ်



လူကုန်ကူးခံရသူများအား စွမ်းရည်မြှင့်တင်ပေးခြင်းနှင့် တွေ့ဆုံဆွေးနွေးပွဲအား ၉-၆-၂၀၁၇ ရက်နေ့တွင် နေပြည်တော် **Horizon Hotel** ၌ ကျင်းပပြုလုပ်ခဲ့ရာ တွေ့ဆုံဆွေးနွေးပွဲသို့ ပြည်ထောင်စု ရှေ့နေချုပ်ရုံးမှ ညွှန်ကြားရေးမှူးချုပ် ဒေါ်ခင်ချိုအုန်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဌာနချုပ်၊ နိုင်ငံဖြတ်ကျော်မှုခင်းဌာနကြီးမှ ဌာနကြီးမှူး၊ယာယီရဲမှူးချုပ်အောင်ဌေးမြင့်၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့မှူး၊ ရဲမှူးချုပ်မြင့်ထူးနှင့် ဖိတ်ကြားထားသည့် ဌာနဆိုင်ရာများမှ ကိုယ်စားလှယ်များ၊ လူကုန်ကူးခံရပြီး နေရပ်ထံ ပြန်လာသူ(၃၄)ဦး၊ ထိုင်းနိုင်ငံ လူမှုဝန်ထမ်း စောင့်ရှောက်ရေးဂေဟာမှ ကိုယ်စားလှယ် (၁)ဦး၊ **World Vision (Myanmar), UNACT, IOM, Save the Children** တို့မှ တာဝန်ရှိသူများ၊ မီဒီယာများ၊ စုစုပေါင်း (၈၉)ဦး တက်ရောက်ခဲ့ပါသည်။

တွေ့ဆုံပွဲတွင် လူကုန်ကူးမှုတားဆီး ကာကွယ်ရေးဗဟိုအဖွဲ့ ကိုယ်စားလှယ် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့၊ တပ်ဖွဲ့မှူး ရဲမှူးချုပ်မြင့်ထူးက အဖွင့်အမှာ စကားပြောကြားခဲ့ပြီး လူမှုဝန်ထမ်းဦးစီး ဌာန၊ ညွှန်ကြားရေးမှူး ဒေါ်နော်သာဝါးနှင့် **World Vision (Myanmar)** မှ ဌာနေ ကိုယ်စားလှယ်တို့က ကြိုဆိုနှုတ်ခွန်းဆက် စကားများ ပြောကြားခဲ့ပါသည်။

အစီအစဉ်များအရ ဆွေးနွေးပွဲ မှတ်တမ်းဗွီဒီယိုနှင့်နေရပ်ထံပြန်လာသူများ၏ ရင်တွင်းစကားများ ရိုက်ကူးထားမှုအား ပြသခြင်း၊ နေရပ်ထံပြန်လာသူများက ဆွေးနွေးအကြံပြုထားသည်များကို သံချပ်၊ ကဗျာ၊ ပြဇာတ်၊ တေးသရုပ်ဖော်တို့ဖြင့် တင်ဆက်ပြသခြင်း၊ ၎င်းတို့၏ အကြံပြုချက်များကို လူကုန်ကူးမှုတားဆီးကာကွယ် ရေးဗဟိုအဖွဲ့ကိုယ်စား လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၊ တပ်ဖွဲ့မှူး ရဲမှူးချုပ်မြင့်ထူးက ပြန်လည်ရှင်းလင်း ဆွေးနွေးခြင်း၊ အကြံပြုချက်များအပေါ် ဌာနဆိုင်ရာများမှ ပြန်လည်ရှင်းလင်း ဆွေးနွေးခြင်း၊ နေရပ်ထံပြန်လာသူများ ကိုယ်စား ပြန်လာသူတစ်ဦးက ကျေးဇူး တင်စကားပြောကြားခြင်းတို့ ဆောင်ရွက်ခဲ့ ကြောင်း သတင်းရရှိပါသည်။

## ရဲတပ်သားသစ်သင်တန်း အမှတ်စဉ်(၃၀၀/၂၀၁၆) သင်တန်းဆင်းပွဲ ကျင်းပပြုလုပ်

မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အမှတ်(၂)ရဲလေ့ကျင့်ရေးကျောင်း(ဝက်ထီးကန်)တွင် ၂၈-၁၁-၂၀၁၆ ရက်နေ့မှ ၁၉-၅-၂၀၁၇ ရက်နေ့အထိ ဖွင့်လှစ်သင်ကြားခဲ့သည့် ရဲတပ်သား သစ်သင်တန်းအမှတ်စဉ်(၃၀၀/၂၀၁၆) ဗလတပ်ခွဲ သင်တန်းဆင်းပွဲအခမ်းအနားကို ၁၉-၅-၂၀၁၇ရက်နေ့ နံနက် ၀၇း၀၀အချိန်မှ ၀၇း၃၀အချိန်အထိ အဆိုပါ လေ့ကျင့်ရေး ကျောင်း စစ်ရေးပြကွင်း၌ ကျင်းပပြုလုပ်ခဲ့ရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၊ ရဲလေ့ကျင့်ရေး အရာရှိချုပ် ရဲမှူးချုပ်ဇော်မိုးသန်း တက်ရောက်၍ သင်တန်းဆင်း မိန့်ခွန်းပြောကြားခဲ့ပြီး သင်တန်းထူးချွန်ဆုရရှိသူများအား ဆုများအသီးသီးပေးအပ်ချီးမြှင့်ခဲ့သည်။ အဆိုပါသင်တန်းသို့ သင်တန်းသား(၁၀၅)ဦး တက်ရောက်အောင်မြင်ခဲ့ကြောင်းနှင့် သင်တန်းဆင်းပွဲသို့ မြန်မာ နိုင်ငံရဲတပ်ဖွဲ့မှ ရဲအရာရှိကြီးများ၊ သင်တန်းနည်းပြများ၊ သင်တန်းသားများ၊ မိဘဆွေမျိုး များနှင့်ဖိတ်ကြားထားသူများ၊ စုစုပေါင်း(၃၆၀)ဦးတက်ရောက်ခဲ့ကြောင်းသတင်းရရှိပါသည်။



## သဘာဝဘေးအန္တရာယ်နှင့်ပတ်သက်၍ အသိပညာပေးဟောပြောပြီး အသက်ကယ်အင်္ကျီများ ပေးအပ်လှူဒါန်း



၁၀-၆-၂၀၁၇ ရက်နေ့ နံနက် ၀၈း၀၀ အချိန်မှ ၀၉း၀၀ အချိန်အထိ ရှမ်းပြည်နယ်၊ တာချီလိတ်မြို့နယ်၊ ဝမ်ပုံကျေးရွာရှိ စက်လှေဆိပ်၌ မိုးရာသီ သဘာဝဘေး အန္တရာယ်ကင်းရှင်းရေးနှင့် အသက်ကယ်အင်္ကျီများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနား ကျင်းပပြုလုပ်ခဲ့ရာ ရေကြောင်းရဲတပ်ဖွဲ့ခွဲ(ဝမ်ပုံ)မှ တပ်ဖွဲ့ခွဲမှူး ဒုတိယရဲမှူးကြီး လှမိုးက သဘာဝဘေးအန္တရာယ်နှင့် ပတ်သက်သည့်အကြောင်းအရာများအား အသိပညာပေး ဟောပြောခဲ့ပြီး အသက်ကယ်အင်္ကျီအထည်(၆၀) ပေးအပ်လှူဒါန်းရာ စက်လှေအသင်း အဖွဲ့မှ ဦးစိုးနိုင်က လက်ခံရယူခဲ့ကြောင်းနှင့် အခမ်းအနားသို့ ကျေးရွာနေ ရပ်မိရပ်ဖများ၊ စက်လှေအသင်းအဖွဲ့မှ လုပ်သားပြည်သူများ၊ စုစုပေါင်း (၆၀)ဦး တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

## မှုခင်းကျဆင်းရေး အသိပညာပေး ဟောပြောပွဲ ကျင်းပပြုလုပ်

၉-၆-၂၀၁၇ ရက်နေ့ နံနက် ၀၉း၀၀ အချိန်မှ ၁၁း၃၀ အချိန်အထိ ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ ပလန ကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်း၊ အေးမြသီတာခန်းမ၌ မှုခင်းအသိပညာပေးဟောပြောပွဲ ကျင်းပပြုလုပ်ခဲ့ရာ ကချင်ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးထွန်းဦးက အဖွင့်အမှာစကားပြောကြားပြီး မြစ်ကြီးနားခရိုင်ရဲတပ်ဖွဲ့မှူး ယာယီဒုတိယရဲမှူးကြီးသိန်းနိုင်၊ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ ရဲအုပ်စိုးရန်လင်း၊ ယာဉ်ထိန်းရဲတပ်ဖွဲ့မှ ရဲအုပ် ရဲမျိုးသန့်နှင့် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ ရဲအုပ်နေမျိုးခန့်တို့က မှုခင်းကျဆင်းရေး၊ လူကုန်ကူးမှုတားဆီး ကာကွယ်ရေး၊ မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာ ဆောင်ရွက်ရေးတို့အား အသိပညာပေး ဟောပြောခဲ့ပြီး ဟောပြောပွဲသို့ ရပ်မိ/ရပ်ဖများ၊ ဆရာ/ဆရာမများနှင့် ကျောင်းသား/ကျောင်းသူများ၊ စုစုပေါင်း(၆၈၀)ဦးခန့် တက်ရောက်ခဲ့ကာ ဟောပြောပွဲအပြီးတွင် တက်ရောက်လာသူများက ကချင်ပြည်နယ်ရဲတပ်ဖွဲ့၏ မှုခင်းပညာပေးပြခန်းယာဉ်အား ကြည့်ရှုလေ့လာခဲ့ကြကြောင်း သတင်းရရှိသည်။



## နေအိမ်အတွင်းမှ ငွေကျပ်(၁၆၈)သိန်း ခိုးယူသူအား ဖော်ထုတ်ဖမ်းဆီးရမိ

၃-၆-၂၀၁၇ ရက်နေ့ နံနက် ၀၄း၀၀ အချိန် မကွေးတိုင်းဒေသကြီး၊ မကွေးမြို့၊ ရန်ကင်းရပ်ကွက်နေ ဦးနေလင်းအောင်(၄၇)နှစ်သည် နေအိမ်ရှိ သံသေတ္တာအတွင်း ထည့်ထားသော ၎င်းပိုင် ငွေကျပ်(၁၆၈)သိန်းမှာ ပျောက်ဆုံးသွားသဖြင့် ခိုးယူသွားသူအား ဖော်ထုတ်ဖမ်းဆီးပေးရန် တိုင်တန်းချက်အရ မကွေးနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များက ရဲစခန်း(ပ)၃၇၅/၂၀၁၇၊ ရာဇသတ်ကြီးပုဒ်မ ၃၈၀ ဖြင့် အမှုရေးဖွင့်ခဲ့ပြီး တရားခံ ဖမ်းဆီးရမိရေးအတွက် နယ်မြေအတွင်း လိုက်လံစုံစမ်းခဲ့သည်။ စုံစမ်းစစ်ဆေးချက်အရ မကွေးမြို့၊ ကားကြီးဝန်းအနီးရှိ "ရွှေနန်းတော်" တည်းခိုခန်း၊ အခန်း(၁)၌ တည်းခို နေထိုင်သူ ဆင်ပေါင်ဝဲမြို့နယ်၊ ညံ့တောအင်းကျေးရွာနေ ချစ်ခိုင်(ခ)ချစ်မင်းကို (၁၇)နှစ်အား အလုပ်အကိုင် အတည်တကျမရှိဘဲ ငွေကြေးအမြောက်အများ သုံးစွဲနေသည်ကို မသင်္ကာဖွယ်တွေ့ရှိရ၍ တပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ ၎င်းတည်းခိုနေထိုင်သည့် အခန်းအတွင်း ဝင်ရောက်ရှာဖွေခဲ့ရာ ပျောက်ဆုံးသွားသော သက်သေခံငွေစက္ကူများနှင့် အတူ ဖမ်းဆီးရမိခဲ့ပြီး ယင်းနေ့ နံနက် ၀၂း၀၀ အချိန်ခန့်က အခင်းဖြစ် နေအိမ်အတွင်းမှ ခိုးယူခဲ့ခြင်းဖြစ်ကြောင်း စစ်ဆေးသိရှိရသဖြင့် ချစ်ခိုင်(ခ)ချစ်မင်းကိုအား အမှုဖြင့် ဆက်လက်စစ်ဆေးလျက်ရှိကြောင်း သတင်းရရှိသည်။



## မှုခင်းအသိပညာတိုးပွားလာစေရေးအတွက်မှုခင်းပညာပေး ပြခန်းယာဉ်များဖြင့် လှည့်လည်ဟောပြောပြသ




ကရင်ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံး၏ စီစဉ်ညွှန်ကြားချက်အရ ပြည်သူများအား မှုခင်းကြိုတင်ကာကွယ်တားဆီးရေးလုပ်ငန်းများတွင် ဗဟုသုတတိုးပွားစေရေးအတွက် မှုခင်းပညာပေးပြခန်းယာဉ်များဖြင့် လှည့်လည်ပြသလျက်ရှိရာ ၂၇-၅-၂၀၁၇ ရက်နေ့က ကရင်ပြည်နယ်၊ ဘားအံမြို့နယ်၊ တောင်ကလေးကျေးရွာရှိ အမှတ်(၂၀၂)ခြေမြန်တပ်ရင်း၌ အရာရှိ/စစ်သည်/မိသားစုဝင်၊ စုစုပေါင်း(၁၅၀)ဦးတို့အားလည်းကောင်း၊ ဘားအံမြို့၊ စက်မှုဇုန်ရှိ **Fulltex** အထည်ချုပ် စက်ရုံ၌ ပြည်သူ(၆၀၀)ဦးအား လည်းကောင်း မှုခင်းပညာပေးပြခန်းယာဉ်ဖြင့် မှုခင်းကြိုတင်ကာကွယ်တားဆီးရေး၊ လူကုန်ကူးမှုပပျောက်ရေး၊ မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးနှင့် ယာဉ်/လမ်းစည်းကမ်း အသိပညာပေးခြင်းလုပ်ငန်းများ လှည့်လည်ပညာပေး ဟောပြောပြသခဲ့ပြီး တပ်ဖွဲ့ဝင်များက မှုခင်းအသိပညာပေး လက်ကမ်းစာစောင်များလည်း ဖြန့်ဝေပေးခဲ့ကြောင်း သတင်းရရှိသည်။

## နိုင်ငံခြားဘောလုံးပွဲလောင်းကစားပြုလုပ်သူအား အရေးယူထား

၂၀-၅-၂၀၁၇ ရက်နေ့ ၁၇း၀၅ အချိန် စစ်ကိုင်းတိုင်းဒေသကြီး၊ ကောလင်းမြို့နယ်၊ မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် သတင်းအရ သက်သေများနှင့်အတူ ကောလင်းမြို့၊ စက်ရုံပြင်ရပ်ကွက်၌ သွားရောက်စောင့်ဆိုင်းနေစဉ် အဆိုပါ ရပ်ကွက်နေ အောင်ဝင်း (၄၇)နှစ်အား တွေ့ရှိသဖြင့် စစ်ဆေးရာ ၎င်းဝတ်ဆင်ထားသော အင်္ကျီအိတ်ကပ် အတွင်းမှ နိုင်ငံခြားဘောလုံးပွဲလောင်းကစားပြုလုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ လောင်းကြေးငွေကျပ်(၁၁၄,၀၀၀) တို့ တွေ့ရှိသိမ်းဆည်းရမိခဲ့သောကြောင့် အောင်ဝင်းအား ကောလင်းမြို့မရဲစခန်း(ပ)၂၄၅/၂၀၁၇၊ လောင်းကစားဥပဒေ ပုဒ်မ ၁၂(က)ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။

## တာချီလိတ်မြို့နယ်တွင် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ



၁၉-၅-၂၀၁၇ ရက်နေ့က နယ်မြေခံတပ်ရင်းမှ တပ်မတော်သားများနှင့် မူးယစ်တပ်ဖွဲ့စု(၃၀) တာချီလိတ်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ တာချီလိတ်မြို့နယ်၊ လွယ်တော်ခမ်းအုပ်စု၊ ပါခါးကျေးရွာနေ အားမဲ၏ နေအိမ်ကိုရှာဖွေရာ အားဂျေနှင့် မမာထ တို့(၂)ဦးအား တွေ့ရပြီး နေအိမ်အတွင်း မြေကျင်းတူးမြှုပ်ထားသည့် သံသေတ္တာ(၂)လုံးအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား (၂၁၈,၄၀၀)ပြား၊ စိတ်ကြွရူးသွပ်ဆေးမှုန့် (၇)ကီလိုတို့ကို သိမ်းဆည်း ရမိခဲ့သဖြင့် အားဂျေ(၄၁)နှစ်၊ မမာထ(၃၉)နှစ်နှင့် အားမဲတို့ (၃)ဦးအား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

## မန္တလေးမြို့အတွင်း မှုခင်းကျဆင်းရေးနှင့် မှုခင်းများမဖြစ်ပွားစေရေးအတွက် အထူးပိတ်ဆို့ ရှာဖွေစစ်ဆေးခြင်းများပြုလုပ်လျက်ရှိ



မန္တလေးမြို့အတွင်း မှုခင်းကျဆင်းရေးနှင့် မှုခင်းများမဖြစ်ပွားစေရေးအတွက် ရဲတပ်ဖွဲ့ဝင်များပါဝင်သည့် ပူးပေါင်းအဖွဲ့က ညစဉ်ပိတ်ဆို့ရှာဖွေစစ်ဆေးခြင်းများပြုလုပ်လျက်ရှိရာ ၈-၆-၂၀၁၇ ရက်နေ့က မြို့ဝင်/မြို့ထွက် ဂိတ်များ၊ မန္တလေးမြို့တွင်း မြို့နယ်(၇)မြို့နယ်ရှိ သတ်မှတ်နေရာ(၇)နေရာနှင့် ၉-၆-၂၀၁၇ ရက်နေ့ နံနက်ပိုင်းတွင် မြို့ဝင်/မြို့ထွက်ဂိတ်များ၊ မန္တလေးမြို့တွင်း မြို့နယ်(၃)မြို့နယ်ရှိ သတ်မှတ်နေရာ(၃)နေရာတွင် အထူးပိတ်ဆို့ရှာဖွေစစ်ဆေးခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

## ရဲတပ်ဖွဲ့ဝင်များကသောက်သုံးရေရှားပါးသည့်ဒေသများသို့ သောက်သုံးရေသွားရောက်လှူဒါန်း

၆-၆-၂၀၁၇ ရက်နေ့ မွန်းလွဲ ၁၂း၃၀ အချိန်မှ ၁၈း၄၀ အချိန်ထိ ရခိုင်ပြည်နယ်၊ သံတွဲမြို့နယ်၊ သံတွဲမြို့မရဲစခန်းမှူး ဒုတိယရဲမှူးကျော်မျိုးထက် ဦးစီးသည့် တပ်ဖွဲ့ဝင်များက သောက်သုံးရေရှားပါးသည့် သံတွဲမြို့နယ်၊ ကင်းမော်ကျေးရွာအုပ်စု၊ ကျောက်ဆိပ်ကျေးရွာနေ ပြည်သူများအတွက် သောက်သုံးရေ(၁၂၀၀)ဂါလန်အားလည်ကောင်း၊ အံတော်ကျေးရွာအုပ်စု၊ အံတော်ကျေးရွာတောင်ရင်းကုန်းနေ ပြည်သူများအတွက် သောက်သုံးရေ(၁၂၀၀)ဂါလန်အားလည်းကောင်း အသီးသီး သွားရောက်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။





## ကျန်းမာရေးမကောင်း၍ မူးလဲနေသည့် ဂျာမနီနိုင်ငံသားအား ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းလုံခြုံရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သည့် ပူးပေါင်းအဖွဲ့က ကူညီစောင့်ရှောက်ပေး

၆-၆-၂၀၁၇ ရက်နေ့ နံနက် ၀၇း၁၅ အချိန် ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ ဆူးလေဘုရား ခုံးကျော်တံတားပေါ်တွင် နိုင်ငံခြားသား(၁)ဦး ကျန်းမာရေးချို့ယွင်း၍ မူးလဲနေကြောင်း သတင်းအရ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းလုံခြုံရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များနှင့် ကျောက်တံတားမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူသွားရောက်ခဲ့ရာ **Tourist Visa** ဖြင့် မြန်မာနိုင်ငံသို့ ရောက်ရှိပြီး ပန်းပဲတန်းမြို့နယ်ရှိ မဟာဗန္ဓုလတည်းခိုခန်းတွင် တည်းခိုနေထိုင်သူ ဂျာမနီနိုင်ငံသား **Mr.DIETER LOMENZ BRUN** (၅၂)နှစ်ဖြစ်ကြောင်း သိရှိရသဖြင့် ကျန်းမာရေးစောင့်ရှောက်မှုများ ပြုလုပ်ပေးခဲ့ပြီး ၎င်းတည်းခိုရာ ပန်းပဲတန်းမြို့နယ်ရှိ မဟာဗန္ဓုလတည်းခိုခန်းသို့ ကူညီပို့ဆောင်ပေးခဲ့ကြောင်း သတင်းရရှိသည်။

## ဆင်ဆာမဲ့ဗွီဒီယိုခွေများ ရောင်းချသူအား အမှုဖွင့်အရေးယူထား

၂၇-၅-၂၀၁၇ ရက်နေ့ နံနက် ၀၈း၀၀ အချိန် ဧရာဝတီတိုင်းဒေသကြီး၊ ကျုံမငေးမြို့၊ မြို့မဈေးအတွင်း၌ ဆင်ဆာမဲ့ဗွီဒီယိုခွေများရောင်းချနေကြောင်း သတင်းအရ မြောင်းမြခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များ၊ ကျုံမငေး နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါဈေးအတွင်း၌ ကျုံမငေးမြို့၊ သီရိဟေမာ ရပ်ကွက်နေ မစုမြတ်ခိုင်(၂၅)နှစ်အား ၎င်း၏ဈေးဆိုင်၌ ဆင်ဆာမဲ့ဗွီဒီယို ခွေမျိုးစုံ(၁၁၇၀)ခွေတို့နှင့်အတူ တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် ကျုံမငေး နယ်မြေရဲစခန်း (ပ)၃၀/၂၀၁၇၊ ရုပ်မြင်သံကြားနှင့် ဗွီဒီယိုဥပဒေ ပုဒ်မ ၃၂(ခ) ဖြင့် အမှုဖွင့် အရေးယူထားကြောင်း သတင်းရရှိသည်။

## ယာဉ်မောင်းအိပ်ငိုက်ပြီး ရှေ့မှမောင်းနှင်နေသည့် ခရီးသည်တင်ယာဉ်အား တိုက်မိသဖြင့် (၆)ဦးဒဏ်ရာရ





၂-၆-၂၀၁၇ ရက်နေ့ နံနက် ၀၇း၀၀ အချိန် ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်၊ ရန်ကုန်- မန္တလေးအမြန်လမ်း၊ မိုင်တိုင်အမှတ်(၃၉/၂-၃)ကြားတွင် ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ ဘောနတ်ကြီးအမြန်လမ်းမကြီး ရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များ၊ အမြန်လမ်းမီးသတ်တပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သည့် ပူးပေါင်းအဖွဲ့က သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့သည်။ စစ်ဆေးချက်အရ နေပြည်တော်ဘက်မှ ရန်ကုန်ဘက်သို့ ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်နေ ဝင်းကို(၄၂)နှစ် မောင်းနှင်လာသည့် **5M/____ STAREX** ယာဉ်သည် ယာဉ်မောင်းအိပ်ငိုက်ပြီး လားရာတူရှေ့မှ တောင်ကြီးမြို့၊ ချမ်းသာကုန်းရပ်ကွက်နေ ဦးမောင်နိုင်(၄၃)နှစ် မောင်းနှင်နေသည့် "ရွှေတောင်ရိုး" ခရီးသည်တင်ယာဉ်အား အရှိန်မထိန်းနိုင်ဘဲတိုက်မိရာ "ရွှေတောင်ရိုး" ခရီးသည်တင်ယာဉ်ပေါ်ပါ ခရီးသည်များ ထိခိုက်ဒဏ်ရာရရှိမှုမရှိဘဲ **5M/____ STAREX** ယာဉ်ပေါ်တွင် လိုက်ပါလာသည့် စစ်ကိုင်းတိုင်းဒေသကြီး၊ တန့်ဆည် မြို့နယ်၊ ရွှံ့အိုင်ကျေးရွာနေ ဦးထွန်းရွှေ(၇၆)နှစ်ပါ (၆)ဦးတို့တွင် ဒဏ်ရာများအသီးသီးရရှိခဲ့သောကြောင့် တပ်ဖွဲ့ပိုင်ယာဉ်ဖြင့် ပဲခူးပြည်သူ့ဆေးရုံသို့ ကူညီပို့ဆောင်ပေးခဲ့ပြီး ယာဉ်မောင်း ဝင်းကိုအား ဘောနတ်ကြီး အမြန်လမ်းမကြီးရဲစခန်း ယာဉ်(ပ)၁၂/၂၀၁၇၊ ရာဇသတ်ကြီးပုဒ်မ ၃၃၈/၃၃၇ ဖြင့် အမှုဖွင့် အရေးယူထားကြောင်း သတင်းရရှိသည်။

## အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(ရုံးချုပ်)၏ (၆)လတစ်ကြိမ် အရည်အချင်းစစ်စာမေးပွဲကျင်းပ



၁၈-၆-၂၀၁၇ ရက်နေ့တွင် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ အမှတ်(၆) အခြေခံ ပညာအထက်တန်းကျောင်းတွင် ဝန်ထမ်းများလုပ်ငန်းစွမ်းဆောင်ရည် တိုးတက်မြင့်မားစေရေးအတွက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(ရုံးချုပ်)၏ (၆)လတစ်ကြိမ် အရည်အချင်းစစ်စာမေးပွဲ ကျင်းပပြုလုပ်ခဲ့ရာ စီမံရေးရာဌာန၊ အထွေထွေဌာနနှင့် မြေယာဌာန ဘာသာရပ်များ စစ်ဆေးခဲ့ပြီး အုပ်စု(က) (၃)နာရီမေးခွန်းကို စီမံ(၁)၊ ဒု-လထအင်ဂျင်နီယာ၊ ဌာနခွဲစာရေး၊ လက်ရေးတို(လနစ)များ (၁၁၀)ဦးနှင့် အုပ်စု(ခ) (၂)နာရီမေးခွန်းကို အကြီးတန်းစာရေး၊ လ/ထကွန်ပြူတာလုပ်ဆောင်ရေးမှူး၊ အကြီးတန်းလနစနှင့် အငယ်တန်းစာရေး၊ ဒု-လထ ကွန်ပြူတာလုပ်ဆောင်ရေးမှူး၊ အငယ်တန်း(လနစ)၊ အငယ်တန်းစာရေး အမှုထမ်းများ (၂၁၇)ဦး စုစုပေါင်း အင်အား (၃၂၇) ဦး ဝင်ရောက်ဖြေဆိုခဲ့ပြီး ဦးစီးအရာရှိများမှ စာမေးပွဲခန်း ကြီးကြပ်ခဲ့၍ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ လေ့ကျင့်ရေးနှင့်သုတေသနဌာန ညွှန်ကြားရေးမှူး၊ ဒုတိယ ညွှန်ကြားရေးမှူးများနှင့် လက်ထောက်ညွှန်ကြားရေးမှူးများမှ ဖြေဆိုသူများအား ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိပါသည်။

## ပြည်သူ့ဗဟိုပြုအုပ်ချုပ်ရေး အလုပ်ရုံဆွေးနွေးပွဲကျင်းပ

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ပိုင်းခရိုင်၊ မင်္ဂလာဒုံမြို့နယ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အုပ်ချုပ်ရေးပညာဖွံ့ဖြိုးမှုသင်တန်းကျောင်းတွင် ၂-၅-၂၀၁၇ ရက်နေ့မှ ၉-၆-၂၀၁၇ ရက်နေ့အထိ ဖွင့်လှစ်သည့် စီမံခန့်ခွဲရေးဝန်ထမ်းအဆင့်(၂) လုပ်ငန်းအကြိုသင်တန်း အမှတ်စဉ် (၁/၂၀၁၇)တွင် ပြည်သူ့ဗဟိုပြုအုပ်ချုပ်ရေး အလုပ်ရုံဆွေးနွေးပွဲများကို ၅-၆-၂၀၁၇ ရက်နေ့တွင် တန်းခွဲ A ၌ လည်းကောင်း၊ ၆-၆-၂၀၁၇ ရက်နေ့တွင် တန်းခွဲ **B**၌လည်းကောင်း အသီးသီးကျင်းပပြုလုပ်ခဲ့ရာ ဦးစီးအရာရှိ ဦးတင်ထူးမှ ပြည်သူ့ဗဟိုပြုအုပ်ချုပ်ရေး၏ သဘောသဘာဝနှင့်သဘောတရားများ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးညီညီလွင်စိုးမှ ပြည်သူ့ဗဟိုပြုအုပ်ချုပ်ရေး၏ အခြေခံသဘောတရားများနှင့် လက်တွေ့ဆောင်ရွက်မှုများ ခေါင်းစဉ်ဖြင့်လည်းကောင်း ဦးဆောင်ဆွေးနွေးခဲ့ပြီး သင်တန်းသားများမှ **Focus Group Discussion - FDG** အဖြစ် စုဖွဲ့မှု (၁၀) ဖွဲ့ ဖွဲ့စည်း၍ ခေါင်းစဉ်အသီးသီးဖြင့် ဆွေးနွေးချက်များအား **Flip Chart** များအသုံးပြုကာ ပြန်လည်ရှင်းလင်းတင်ပြဆွေးနွေးခဲ့ပါသည်။ အလုပ်ရုံဆွေးနွေးပွဲတွင် အုပ်ချုပ်ရေးပညာဖွံ့ဖြိုးမှုသင်တန်းကျောင်း ကျောင်းအုပ်ကြီးမှ သဘာပတိအဖြစ်ဆောင်ရွက်ပြီး မြန်မာနိုင်ငံ အထွေထွေအုပ်ချုပ်ရေးဝန်ထမ်းဟောင်းများအသင်း အတွင်းရေးမှူး ဦးမိုးဆွေနှင့် ဒေါက်တာသန်းအောင်တို့မှ ဆွေးနွေးချက်များအပေါ် ဖြည့်စွက်သုံးသပ်ဆွေးနွေးခဲ့ကြောင်း၊ အလုပ်ရုံဆွေးနွေးပွဲသို့ ဖိတ်ကြားထားသော မြန်မာနိုင်ငံအထွေထွေအုပ်ချုပ်ရေးဝန်ထမ်းဟောင်းများ အသင်းအဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးပညာဖွံ့ဖြိုးမှု သင်တန်းကျောင်းမှ ဒုတိယ ကျောင်းအုပ်ကြီး၊ နည်းပြမှူးချုပ်၊ လက်ထောက်ညွှန်ကြားရေးမှူးများ၊ နည်းပြအရာရှိများနှင့် သင်တန်းသားများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိပါသည်။



## လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေးသင်တန်းဆင်းပွဲ



၂-၅-၂၀၁၇ ရက်နေ့မှ ၂၆-၅-၂၀၁၇ ရက်နေ့ထိဖွင့်လှစ်ခဲ့သော ဝန်ထမ်းများလုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေး သင်တန်းအမှတ်စဉ် (၁/၂၀၁၇) သင်တန်းဆင်းပွဲအခမ်းအနားကို ၂၆-၅-၂၀၁၇ရက်နေ့တွင် ချင်းပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ရာ ညွှန်ကြားရေးမှူးမှ သင်တန်းဆင်းအမှာစကားပြောကြားခဲ့ပြီး သင်တန်းဆင်းပွဲအခမ်းအနားသို့ အရာထမ်း၊ ဌာနခွဲစာရေး၊ အကြီးတန်းစာရေးနှင့် အငယ်တန်းစာရေး စုစုပေါင်းအင်အား (၁၄၄)ဦး တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။

## အရည်အချင်းစစ်စာမေးပွဲကျင်းပ

၂၂-၅-၂၀၁၇ ရက်နေ့တွင် နေပြည်တော်၊ ဒက္ခိဏခရိုင်၊ ပျဉ်းမနားမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ အရည်အချင်းစစ်စာမေးပွဲ ကျင်းပပြုလုပ်ခဲ့ရာ အငယ်တန်း စာရေးရာထူးအဆင့်မှ ဌာနခွဲစာရေး ရာထူးအဆင့်ထိ အမှုထမ်းဝန်ထမ်း စုစုပေါင်းအင်အား (၄၇)ဦး ဖြေဆိုခဲ့ကြောင်း သတင်းရရှိပါသည်။ အလားတူ ၂၃-၅-၂၀၁၇ ရက်နေ့တွင် နေပြည်တော်၊ ဒက္ခိဏခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၏ အရည်အချင်းစစ်စာမေးပွဲ ကျင်းပပြုလုပ်ခဲ့ရာ အငယ်တန်း စာရေးရာထူးအဆင့်မှ ဌာနခွဲစာရေး ရာထူးအဆင့်ထိ အမှုထမ်းဝန်ထမ်း စုစုပေါင်းအင်အား (၁၅)ဦး ဖြေဆိုခဲ့ကြောင်း သတင်းရရှိပါသည်။



## သဘာဝဘေးကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ပေးအပ်



၁၂-၅-၂၀၁၇ ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံခရိုင်၊ ငါန်းဇွန်မြို့နယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြို့နယ်မီးသတ်တပ်ဖွဲ့တို့မှ သားကျင်ကျေးရွာအုပ်စု၊ ညောင်ပင်ရိုးကျေးရွာ၊ ပေါက်တောကျေးရွာများအား လေပြင်းတိုက်ခတ်မှုကြောင့် အမိုးလန်ပြိုကျပျက်စီးခဲ့သည့် အိမ်ထောင်စု(၂၈)စုများသို့ အိမ်ဆောက်ပစ္စည်းတန်ဖိုးငွေ၊ ဆန်ရိက္ခာထောက်ပံ့ငွေ၊ စုစုပေါင်းကျပ်(၁,၄၀၅,၆၀ဝ/-) ထောက်ပံ့ခဲ့ကြောင်း သတင်းရရှိပါသည်။

## အုပ်ချုပ်ရေးမှူးရုံးများအား ရုံးစစ်ဆေးမှုဆောင်ရွက်



၁-၅-၂၀၁၇ ရက်နေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ ဘုတလင်မြို့နယ်၊ ကျီးပင်ချောင် ကျေးရွာအုပ်စုနှင့် လွှဲတဲကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးအား မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဒုတိယဦးစီးမှူးတို့မှ ရုံးသုံးပရိဘောဂစာရင်းများ၊ ရုံးသုံးစရိတ်များနှင့် ရုံးတွင်ထားရှိရမည့် စာရင်းဇယားပုံစံ(၂၇)မျိုးတို့ကို ပြည့်စုံမှန်ကန်စွာ ဖြည့်သွင်းဆောင်ရွက်မှု ရှိ/ မရှိ စစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါသည်။

## စီမံခန့်ခွဲရေးဝန်ထမ်းအဆင့်(၂)လုပ်ငန်းအကြိုသင်တန်းအမှတ်စဉ်(၁/၂၀၁၇)မှသင်တန်းသားများဒေသန္တရလေ့လာရေးခရီးစဉ်သွားရောက်




ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ပိုင်းခရိုင်၊ မင်္ဂလာဒုံမြို့နယ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အုပ်ချုပ်ရေးပညာဖွံ့ဖြိုးမှုသင်တန်းကျောင်းတွင် ၂-၅-၂၀၁၇ ရက်နေ့မှ ၉-၆-၂၀၁၇ ရက်နေ့အထိ ဖွင့်လှစ်သည့် စီမံခန့်ခွဲရေးဝန်ထမ်းအဆင့်(၂) လုပ်ငန်းအကြိုသင်တန်း အမှတ်စဉ်(၁/၂၀၁၇)မှ သင်တန်းသား(၂၃၄)ဦးသည် ၃၀-၅-၂၀၁၇ ရက်နေ့နှင့် ၃၁-၅-၂၀၁၇ ရက်နေ့တို့တွင် သင်တန်းသား(၁၁၇)ဦးစီ အဖွဲ့ (၂)ဖွဲ့စုဖွဲ့၍ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင်၊ ပဲခူးမြို့နယ်အတွင်းရှိ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး (၆)ရုံးသို့ "ရုံးစစ်ဆေးခြင်း ဘာသာရပ်" လက်တွေ့ဆောင်ရွက်၍ ပြည်သူ့ဝန်ဆောင်မှု ရုံးလုပ်ငန်းဆောင်ရွက်မှုများလေ့လာခဲ့ပြီး ရွှေမော်ဓောစေတီတော်မြတ်ကြီးနှင့် ကမ္ဘောဇသာဒီနန်းတော်သို့ ဒေသန္တရလေ့လာရေးခရီးသွားရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။

## ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆွေးနွေးပွဲ

၄-၅-၂၀၁၇ ရက်နေ့တွင် မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ သရက်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးသည် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှင့်အတူ လက်ပံဆိပ်ကျေးရွာအုပ်စု၊ ဆင်တဲကျေးရွာ ဒေသခံပြည်သူများနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ရှင်းလင်းဆွေးနွေးဟောပြောပြီး စုစုပေါင်းအင်အား (၇၀)ဦး တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။



## ကြည့်ရှုစစ်ဆေး၍ ထောက်ပံ့ငွေပေးအပ်

၂၀-၅-၂၀၁၇ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ တောင်ပိုင်းခရိုင်၊ ကျောက်တန်းမြို့နယ် အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့သည် တံတားမြို့အမှတ်(၂)ရပ်ကွက်၊ အုပ်ချုပ်ရေးမှူးရုံး ဆောက်လုပ်နေမှုနှင့် တံတားမြို့ ဝန်ထမ်းအိမ်ရာတွင် ဝန်ထမ်းများနေထိုင်မှုအား စုစုပေါင်း(၉)ဦးဖြင့် ကြည့်ရှုစစ်ဆေးခဲ့ပြီး ကိုယ်ဝန်ဆောင် ဝန်ထမ်း (၁)ဦးအား ထောက်ပံ့ငွေပေးအပ်ခဲ့ကြောင်း သတင်းရရှိပါသည်။



## ပိုက်ကျော်ခြင်းအားကစားပြိုင်ပွဲကျင်းပ

၂၀-၅-၂၀၁၇ ရက်နေ့မှ ၂၅-၅-၂၀၁၇ ရက်နေ့ထိ ရခိုင်ပြည်နယ်၊ စစ်တွေခရိုင်၊ စစ်တွေမြို့နယ်၊ ဓညဝတီအားကစားခန်းမ၌ ရပ်ကွက်/ကျေးရွာအုပ်စု အမျိုးသား၊ အမျိုးသမီးပိုက်ကျော်ခြင်းအားကစားပွဲ ပြုလုပ်ကျင်းပခဲ့ရာ ပိုက်ကျော်ခြင်းအားကစားပွဲတွင် အမျိုးသား(၁၆)သင်း၊ အမျိုးသမီး (၁၀)သင်းတို့ပါဝင်ယှဉ်ပြိုင်ကြပြီး အခမ်းအနားသို့ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများနှင့် ဖိတ်ကြားထားသည့်ဧည့်သည်များ စုစုပေါင်း(၁၉၅)ဦး တက်ရောက်ပြီး အနိုင်ရသည့် အမျိုးသားအသင်းအား မြို့နယ်အုပ်ချုပ်ရေးမှူးမှ ဆုချီးမြှင့်ခဲ့ကြောင်း သတင်းရရှိပါသည်။ အလားတူ ၂၁-၅-၂၀၁၇ ရက်နေ့တွင် ရခိုင်ပြည်နယ်၊ စစ်တွေခရိုင်၊ ပေါက်တောမြို့နယ်အုပ်ချုပ်ရေးမှူးသည် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်သော ၂၀၁၇ခုနှစ် မြို့နယ်အုပ်ချုပ်ရေးမှူးဖလား အသက်(၂၅)နှစ်အောက်နှင့် အသက်(၁၈)နှစ်အောက် အမျိုးသားပိုက်ကျော်ခြင်းပြိုင်ပွဲ ဆုပေးပွဲအခမ်းအနားသို့ သက်ဆိုင်ရာဌာနဆိုင်ရာ အကြီးအကဲများ၊ ဆုရရှိသည့်အသင်းသားများ စုစုပေါင်းအင်အား (၁၅၀)ဦးနှင့်အတူ တက်ရောက်ခဲ့ပြီး အနိုင်ရရှိသည့်အသင်းအား ဆုချီးမြှင့်ပေးအပ်ခဲ့ကြောင်းသတင်းရရှိပါသည်။



## ဒေသဖွံ့ဖြိုးရေးဆိုင်ရာညှိနှိုင်းဆွေးနွေးပွဲ



၂၁-၅-၂၀၁၇ရက်နေ့တွင် ရခိုင်ပြည်နယ်၊ မောင်တောခရိုင်၊ ဘူးသီးတောင်မြို့နယ်အုပ်ချုပ်ရေးမှူးသည် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးဆိုင်ရာလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ဌာနဆိုင်ရာ(၃၈)ဦး၊ စီအက်စ်အို(၈)ဦး၊ မြို့မိမြို့ဖ(၈)ဦး၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး(၆)ဦး စုစုပေါင်း(၆၀)ဦးဖြင့် ညှိနှိုင်းဆွေးနွေးမှုများပြုလုပ်ခဲ့ကြောင်း သတင်းရရှိပါသည်။

## အငှားဂရန်ထုတ်ပေးနိုင်ရေး ကွင်းဆင်းကြည့်ရှုစစ်ဆေး

၁၇-၅-၂၀၁၇ ရက်နေ့တွင် မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်၊ ကျိုက်မရောမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးသည် ကျိုက်မရောမြို့နယ် ဘိန်းဗျောကျေးရွာအုပ်စု၊ အတ္တရံမြို့သစ်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် ဈေးမြေနေရာအား အငှားဂရန် တင်ပြလျှောက်ထားမှုအပေါ် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးအဖွဲ့၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့်အတူ စုစုပေါင်းအင်အား (၇)ဦးဖြင့်ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သတင်းရရှိပါသည်။



## ကျန်းမာရေးစစ်ဆေးမှုများပြုလုပ်



၁၄-၅-၂၀၁၇ ရက်နေ့တွင် ရခိုင်ပြည်နယ်၊ စစ်တွေခရိုင်၊ စစ်တွေမြို့နယ်၊ မြစ်နားကျေးရွာအုပ်စု မင်းလှကျေးရွာအနီး၌ ရွှေပြည်တန်အမြန်ရေယာဉ်၏ မောင်းနှင်မှုအရှိန်ကြောင့် စက်လှေတစ်စီးတိမ်းမှောက်မှုဖြစ်ပွားခဲ့ရာ စက်လှေပေါ်တွင် လိုက်ပါလာသော စပါးထားကျေးရွာမှ ဒေါ်လှနုပါ(၄)ဦးမှာ မင်းလှကျေးရွာမှ ဒေသခံများ ကူညီဆောင်ရွက်ပေးမှုကြောင့် ထိခိုက်မှုမရှိဘဲ စက်လှေပေါ်ပါလာသည့် ဖုန်း၊ အဝတ်အထည်နှင့် အခြားအသုံးအဆောင်များ၊ ဟွန်ဒါစက်တို့ နစ်မြုပ်သွားခဲ့ပါသည်။ အဆိုပါစက်လှေတိမ်းမှောက်ရာနေရာသို့ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်မီးသတ်ဦးစီးမှူးနှင့် မြို့နယ်ကျန်းမာရေးမှူးတို့မှ ကျန်းမာရေးစစ်ဆေးမှုများနှင့် လိုအပ်သည်များ ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိပါသည်။

## တိုင်းဒေသကြီး/ ပြည်နယ်များတွင် ၂၀၁၇-၂၀၁၈ ပညာသင်နှစ် ပညာသင်စရိတ် ထောက်ပံ့ကြေး ပေးအပ်ပွဲအခမ်းအနားများ အသီးသီးကျင်းပ

တိုင်းဒေသကြီး/ ပြည်နယ်များတွင် ၂၀၁၇-၂၀၁၈ ပညာသင်နှစ် ပညာသင်စရိတ် ထောက်ပံ့ကြေးပေးအပ်ပွဲအခမ်းအနားများ အောက်ပါအတိုင်း အသီးသီး ကျင်းပခဲ့ကြောင်း သတင်းရရှိပါသည်-

**ကချင်ပြည်နယ်**

၁၂-၆-၂၀၁၇ရက်နေ့တွင် ကချင်ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဆမားဒူဝါဆင်ဝါးနော်ခန်းမ၌ ကျင်းပပြုလုပ်သည့် ၂၀၁၆-၂၀၁၇ ခု၊ ပညာသင်နှစ်တွင် ပညာသင်ကြားနေကြသော ဝန်ထမ်းသားသမီး ကျောင်းသား/သူများအား ပညာသင်ထောက်ပံ့ကြေးနှင့် ကျောင်းသုံးပစ္စည်းများ ထောက်ပံ့ပေးအပ်ပွဲအခမ်းအနားတွင် ကျောင်းသား/ကျောင်းသူ (၁၁၂)ဦးတို့အတွက် ပြည်နယ်အုပ်ချုပ်ရေးမှူး၊ ညွှန်ကြားရေးမှူးနှင့် ဒုတိယညွှန်ကြားရေးမှူးတို့မှ ကျောင်းသုံးပစ္စည်းများနှင့် ပညာသင်ထောက်ပံ့ကြေး ကျပ်(၂,၂၈၁,၀၀၀/-) ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိပါသည်။

**မကွေးတိုင်းဒေသကြီး**

၁-၆-၂၀၁၇ ရက်နေ့တွင် မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ မကွေးမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်သည့် ၂၀၁၇-၂၀၁၈ ပညာသင်နှစ် ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲအခမ်းအနားတွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းသား/သမီးများ တက္ကသိုလ်အဆင့် (၁၅)ဦး၊ အထက်တန်းအဆင့် (၁၂)ဦး၊ အလယ်တန်း အဆင့် (၁၀)ဦး၊ မူလတန်းအဆင့် (၃၂)ဦး စုစုပေါင်း (၆၉)ဦးအား ပညာသင်စရိတ် ထောက်ပံ့ကြေးကျပ်(၁,၄၃၀,၀၀၀/-) ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိပါသည်။

**မွန်ပြည်နယ်**

၂၃-၅-၂၀၁၇ ရက်နေ့တွင် မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ၂၀၁၇-၂၀၁၈ ပညာသင်နှစ်အတွက် ဝန်ထမ်းသား/သမီးများအား ပညာသင် ထောက်ပံ့ခြင်းအခမ်းအနားပြုလုပ်ကျင်းပခဲ့ရာ ခရိုင်အုပ်ချုပ်ရေးမှူးမှ တက္ကသိုလ်ဝင်တန်းအဆင့်(၃)ဦး၊ အခြေခံပညာအထက်တန်းအဆင့်(၂)ဦးနှင့် အခြေခံပညာမူလတန်းအဆင့် (၅)ဦးတို့အား ပညာသင် ထောက်ပံ့ကြေး ကျပ်(၁၆၅,၀၀၀/-)ပေးအပ်ခဲ့ပြီး အခမ်းအနားသို့ စုစုပေါင်းအင်အား(၆၅)ဦး တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။

**ရန်ကုန်တိုင်းဒေသကြီး**

၁-၆-၂၀၁၇ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ အနောက်ပိုင်းခရိုင်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ၂၀၁၇-၂၀၁၈ ပညာသင်နှစ် ဝန်ထမ်းသား/ သမီးများအား ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲအခမ်းအနားတွင် ခရိုင်အုပ်ချုပ်ရေးမှူးမှ ထောက်ပံ့ကြေး ကျပ်(၃၅၀,၀၀၀/-)ပေးအပ်ခဲ့ပြီး အခမ်းအနားသို့ ဝန်ထမ်းများနှင့် ဝန်ထမ်းသား/သမီးများအပါအဝင် စုစုပေါင်းအင်အား(၅၀)ဦး တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။

**ဧရာဝတီတိုင်းဒေသကြီး**

၃-၆-၂၀၁၇ ရက်နေ့တွင် ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်၊ ပုသိမ်မြို့၊ ဧရာရွှေဝါခန်းမ၌ ၂၀၁၇-၂၀၁၈ ပညာသင်နှစ်အတွက် ဝန်ထမ်းသား/သမီးများအား ပညာသင်ထောက်ပံ့ခြင်း အခမ်းအနားပြုလုပ်ကျင်းပခဲ့ရာ တိုင်းဒေသကြီးအုပ်ချုပ်ရေးမှူးမှ အဖွင့်အမှာစကားပြောကြားခဲ့ပြီး တိုင်းဒေသကြီးအုပ်ချုပ်ရေးမှူးနှင့် ညွှန်ကြားရေးမှူးများမှ တက္ကသိုလ်ဝင်တန်းအဆင့်(၈)ဦး၊ တက္ကသိုလ်ဝင်တန်းစာမေးပွဲ ဖြေဆိုထားဆဲ(၄)ဦး၊ အခြေခံပညာအထက်တန်းအဆင့်(၅)ဦး၊ အခြေခံပညာ အလယ်တန်းအဆင့်(၂၀)ဦးနှင့် အခြေခံပညာမူလတန်းအဆင့်(၂၁)ဦးတို့အား ပညာသင်ထောက်ပံ့ကြေး ကျပ်(၉၅၀,၀၀၀/-)ပေးအပ်ခဲ့ပြီး အခမ်းအနားသို့ တိုင်းဒေသကြီးအုပ်ချုပ်ရေးမှူးနှင့်အတူ ညွှန်ကြားရေးမှူး များ၊ ဒုတိယညွှန်ကြားရေးမှူး၊ လက်ထောက်ညွှန်ကြားရေးမှူးများ၊ ဦးစီးအရာရှိများ၊ ဒုတိယဦးစီးမှူးများ၊ ဌာနခွဲစာရေးနှင့်ဝန်ထမ်းများ၊ ကျောင်းသားမိဘများ စုစုပေါင်းအင်အား (၂၀၀) ဦး တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။



## မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်မိုး ရခိုင်ပြည်နယ်အတွင်းရှိ မီးသတ်စခန်းများ ကြည့်ရှုစစ်ဆေး



မီးသတ်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးတင်မိုးသည် ၂၀၁၇ ခုနှစ်၊ မေလ ၁၇ ရက်နေ့မှ ၂၁ရက်နေ့အထိ ရခိုင်ပြည်နယ်အတွင်းရှိ ကျောက်ဖြူခရိုင် မီးသတ်စခန်း၊ ဇင်ချောင်းနယ်မြေမီးသတ်စခန်း၊ ရမ်းဗြဲမြို့နယ်မီးသတ်စခန်း၊ မအီနယ်မြေမီးသတ်စခန်း၊ တောင်ကုတ်မြို့နယ်မီးသတ်စခန်း၊ ကျိန္တလီနယ်မြေမီးသတ်စခန်း၊ ဂွမြို့နယ်မီးသတ်စခန်း၊ သံတွဲခရိုင်မီးသတ်စခန်း၊ ငပလီနယ်မြေမီးသတ်စခန်း၊ ရခိုင်ပြည်နယ်မီးသတ်ဦးစီးမှူးရုံး၊ ဘူးသီးတောင်မြို့နယ်မီးသတ်စခန်း၊ မောင်တောခရိုင်မီးသတ်စခန်း၊ကျီးကန်းပြင်နယ်မြေ မီးသတ်စခန်းနှင့် ရသေ့တောင်မြို့နယ် မီးသတ်စခန်းများအား လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

အဆိုပါ ခရီးစဉ်အတွင်း မီးသတ်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးတင်မိုးမှ သက်ဆိုင်ရာ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ သန္ဓေ/အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ မိသားစုဝင်များနှင့် တွေ့ဆုံ၍ မီးဘေးသတိမူရေး လုပ်ငန်းစဉ်၊ မီးဘေးကြိုတင် ကာကွယ်ရေးလုပ်ငန်းစဉ်၊ မီးငြိမ်းသတ်ရေးလုပ်ငန်းစဉ်စသည့် မီးဘေးလုံခြုံရေးလုပ်ငန်းများ၊ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများနှင့် မီးသတ်ဦးစီးဌာန၏ ရည်မှန်းချက်တာဝန်(၄)ရပ်အကြောင်း ရှင်းလင်းပြောကြားခဲ့ပြီး၊ မီးဘေးလုံခြုံရေးနှင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့် ဆောင်ရွက်ရန်၊ မြန်(၃)မြန်၊ သင့်(၄)သင့် လုပ်ငန်းစဉ်များ လိုက်နာဆောင်ရွက်ရန်၊ အုပ်ချုပ်မှုလျော့နည်းဖြစ်စဉ် မဖြစ်ပွားစေရေးအတွက် အရာရှိမှ အကြပ်အဆင့်အထိ ဆင့်ကဲဆင့်ကဲ ကြီးကြပ်ဆောင်ရွက်ရန်၊ စည်းကမ်းကောင်းမွန်၍ ပြည်သူလူထုမှ အားကိုးယုံကြည်ရသော မီးသတ်တပ်ဖွဲ့ဝင်များဖြစ်အောင် ကြိုးစားဆောင်ရွက်ရန်၊ မီးမလောင်စေချင်တဲ့စိတ်၊ လောင်တဲ့မီးကို အမြန်ဆုံး ငြိမ်းစေလိုတဲ့စိတ်ထားရှိပြီး ပြည်သူလူထုကို အလုပ်အကျွေးပြုစုရန်၊ အရက်၊ မူးယစ်ဆေးဝါး၊ လောင်းကစား၊ ငွေရေးကြေးရေးကိစ္စများ၊ အမျိုးသမီးကိစ္စများနှင့် လူမှုရေးကိစ္စများ မဖြစ်ပွားစေရေး ရှောင်ကြဉ်ရန်၊ တပ်ဖွဲ့ဝင်များ မိသားစုစိတ်ဓာတ်ဖြင့် ချစ်ချစ်ခင်ခင် စည်းလုံး ညီညွတ်စွာနေထိုင်ရန် ရှင်းလင်းပြောကြားခဲ့ပြီး တပ်ဖွဲ့ဝင်များအား ထောက်ပံ့ငွေပေးအပ်ခဲ့ပါသည်။ ထို့နောက် ဝန်ထမ်းအင်အား အခြေအနေနှင့် မီးသတ်ယာဉ်/စက်ကြံ့ခိုင်ရေးလုပ်ငန်းများ၊ ဝန်ထမ်းအိမ်ရာနေရာချထားမှုများ ကြည့်ရှုစစ်ဆေးပြီး၊ မီးသတ်စခန်းအဆောက်အဦနှင့် ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်နိုင်ရေးအတွက် ၂၀၁၈-၂၀၁၉ ခုနှစ် ဘဏ္ဍာရေးနှစ်တွင် ရခိုင်ပြည်နယ်အစိုးရသို့ တင်ပြတောင်းခံသွားရန် လမ်းညွှန်မှာကြား၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိပါသည်။

## ပြည်ထဲရေးဝန်ကြီးဌာန၊ မီးသတ်ဦးစီးဌာနတွင် အခြေခံရုံးလုပ်ငန်းသင်တန်း အမှတ်စဉ် (၁၇/၂၀၁၇) သင်တန်းဖွင့်ပွဲအခမ်းအနားကျင်းပခြင်း




ပြည်ထဲရေးဝန်ကြီးဌာန၊မီးသတ်ဦးစီးဌာနတွင် အခြေခံရုံးလုပ်ငန်းသင်တန်း အမှတ်စဉ် (၁၇/၂၀၁၇) သင်တန်းဖွင့်ပွဲအခမ်းအနားကို ၂၉-၅-၂၀၁၇ရက်နေ့၊ (၀၉း၀၀)အချိန်၊ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဌာနချုပ်၊ လေ့ကျင့်ရေးဌာနစုတွင် ကျင်းပပြုလုပ်ခဲ့ရာ မီးသတ်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးတင်မိုးမှ သင်တန်းဖွင့်အမှာစကား ပြောကြားခဲ့ပါသည်။

အဆိုပါသင်တန်းကို ရုံးလုပ်ငန်းသဘောနှင့် ရုံးလုပ်ငန်းတာဝန်များ နားလည်တတ်ကျွမ်းပြီး ဝန်ထမ်းစည်းမျဉ်း၊ စည်းကမ်းများကို သိရှိလိုက်နာဆောင်ရွက်တတ်စေရန်၊ မီးသတ်ဦးစီးဌာန၏ ဦး/ရေး/ထောက်/ငွေစာရင်းဆိုင်ရာ ရုံးလုပ်ငန်းများ၊ မြို့နယ်ရုံးများ၏ အခြေခံငွေစာရင်းဌစများနှင့်ရသုံးမှန်းခြေငွေစာရင်း ရေးဆွဲမှုများကို သိရှိနားလည်ဆောင်ရွက်တတ်စေရန်၊ မိမိဝန်ကြီးဌာန၏ မူဝါဒများ၊ လုပ်ငန်းစဉ်များနှင့် မီးသတ်ဦးစီးဌာန၏ ရည်မှန်းချက်တာဝန်များ၊ လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အထောက်အကူပြုစေရန် ရည်ရွယ်ဖွင့်လှစ်ခြင်း ဖြစ်ပါသည်။

သင်တန်းဖွင့်ပွဲအခမ်းအနားကို မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်မိုးနှင့် အရာရှိကြီးများ၊ ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှူး၊ ခရိုင်မီးသတ်ဦးစီးမှူးများ၊ မြို့နယ်မီးသတ်ဦးစီးမှူးများနှင့် တိုင်းဒေသကြီး/ပြည်နယ်မီးသတ်စခန်းအသီးသီးမှ သင်တန်းသား/သူ(၅၀)ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းကို ၂၀၁၇ခုနှစ်၊ မေလ ၂၉ ရက်နေ့မှ ဇွန်လ ၂၃ ရက်နေ့အထိ ရက်သတ္တ(၄)ပတ်ကြာ ဖွင့်လှစ်ခဲ့ကြောင်း သတင်းရရှိပါသည်။

## ပြည်ထဲရေးဝန်ကြီးဌာန၊ မီးသတ်ဦးစီးဌာနတွင် ပိုလန်နိုင်ငံမှလက်ခံရရှိမည့် အဆင့်မြင့်မီးသတ်ယာဉ်နှင့် စက်ကိရိယာကိုင်တွယ်ထိန်းသိမ်းမှု အကြိုလေ့ကျင့်ရေး သင်တန်းဖွင့်ပွဲအခမ်းအနားကျင်းပခြင်း

ပြည်ထဲရေးဝန်ကြီးဌာန၊ မီးသတ်ဦးစီးဌာနတွင် ပိုလန်နိုင်ငံမှ လက်ခံရရှိမည့် အဆင့်မြင့် မီးသတ်ယာဉ်နှင့် စက်ကိရိယာကိုင်တွယ်ထိန်းသိမ်းမှု အကြိုလေ့ကျင့်ရေး သင်တန်းဖွင့်ပွဲ အခမ်းအနားကို ၅-၆-၂၀၁၇ ရက်နေ့ ၊ (၀၈း၄၅)အချိန်တွင်၊ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဌာနချုပ်၊ သီတာခန်းမတွင် ကျင်းပပြုလုပ်ခဲ့ရာ မီးသတ်ဦးစီးဌာန၊ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြတ်သူမှ သင်တန်းဖွင့်အမှာစကား ပြောကြားပါသည်။

အဆိုပါ အဆင့်မြင့်မီးသတ်ယာဉ်နှင့် စက်ကိရိယာကိုင်တွယ်ထိန်းသိမ်းမှု အကြိုလေ့ကျင့်ရေးသင်တန်းကို ပိုလန်နိုင်ငံမှ လက်ခံရရှိမည့် အဆင့်မြင့်မီးသတ်ယာဉ်နှင့် စက်ကိရိယာများ ကိုင်တွယ်ထိန်းသိမ်းအသုံးပြုပြီး မီးငြိမ်းသတ်ရေး၊ ရှာဖွေကယ်ဆယ်ရေးနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများပိုမိုထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ ပိုလန်နိုင်ငံ **WISS Corporation** နှင့် **Secure Networks** ကုမ္ပဏီတို့မှကျွမ်းကျင်နည်းပြဆရာများဖြင့် သင်တန်းကာလ ရက်သတ္တ(၅)ပတ်ကြာ ဖွင့်လှစ်မည်ဖြစ်ပါသည်။

သင်တန်းဖွင့်ပွဲ အခမ်းအနားကို မီးသတ်ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြတ်သူနှင့် အရာရှိကြီးများ၊ ရန်ကုန်တိုင်းဒေသကြီးမီးသတ်ဦးစီးမှူး၊ ခရိုင်မီးသတ်ဦးစီးမှူးများ၊ မြို့နယ်မီးသတ်ဦးစီးမှူးများ၊ ပိုလန်နိုင်ငံ **WISS Corporation** နှင့် **Secure Networks** ကုမ္ပဏီတို့မှ တာဝန်ရှိသူများ၊ သင်တန်းနည်းပြဆရာများနှင့် အရာရှိသင်တန်းသား/သူ(၅၀)ဦးတို့ တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။



## ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေသည် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E. Mr. Jukr Boon-Long ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

ပြည်ထဲရေးဝန်ကြီးဌာန၊ပြည်ထောင်စု ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ သည် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံ အမတ်ကြီး **H.E. Mr. Jukr Boon-Long** ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ၂၂-၅-၂၀၁၇ ရက်နေ့ နံနက် ၁၀း၃၀ နာရီအချိန်တွင် နေပြည်တော်၊ ပြည်ထဲရေး ဝန်ကြီးဌာန၊ ရုံးအမှတ် (၁၀) ရှိ ပြည်ထောင်စုဝန်ကြီး၏ ညှိ့ခန်းမ၌ လက်ခံတွေ့ဆုံခဲ့ပါသည်။ ထိုသို့တွေ့ဆုံ ရာတွင် ပြည်ထောင်စုဝန်ကြီးနှင့် အတူ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ကျော်၊ အကျဉ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဦး၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယအမြဲတမ်းအတွင်းဝန် ဦးခိုင်ထွန်းဦး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ နိုင်ငံဖြတ်ကျော် မှုခင်းဌာနကြီးမှ ဌာနကြီးမှူး ရဲမှူးချုပ် အောင်ဌေးမြင့်နှင့် ပြည်ထဲရေးဝန်ကြီး ဌာန လက်ထောက်အတွင်းဝန် ဦးမောင်မောင်မြင့်တို့တက်ရောက်ခဲ့ကြပါ သည်။ တွေ့ဆုံစဉ် ရဲတပ်ဖွဲ့ဝင်များ အတွက် လေ့ကျင့်ရေးဆိုင်ရာကိစ္စရပ်များ၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးဆိုင်ရာ ကိစ္စရပ်များ၊နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေး ဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍



ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိပါသည်။

## ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေသည် မြန်မာနိုင်ငံဆိုင်ရာ တူရကီနိုင်ငံသံအမတ်ကြီး H.E. Mr. Kerem Divanlioglu ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ



ပြည်ထဲရေးဝန်ကြီးဌာန၊ပြည်ထောင်စု ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ သည် မြန်မာနိုင်ငံဆိုင်ရာ တူရကီနိုင်ငံ သံအမတ်ကြီး **H.E. Mr. Kerem Divanlioglu** ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ၂၅-၅-၂၀၁၇ ရက်နေ့ နံနက် ၁၀း၃၀နာရီအချိန်တွင် နေပြည်တော်၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၁၀)ရှိ ပြည်ထောင်စုဝန်ကြီး၏ ညှိ့ခန်းမ၌ လက်ခံတွေ့ဆုံခဲ့ပါသည်။ ထိုသို့တွေ့ဆုံရာတွင် ပြည်ထောင်စုဝန်ကြီး နှင့်အတူ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ကျော်၊ ဒုတိယအမြဲတမ်း အတွင်းဝန် ဦးခိုင်ထွန်းဦး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ နိုင်ငံဖြတ်ကျော် မှုခင်းဌာနကြီးမှ ဌာနကြီးမှူး ရဲမှူးချုပ်အောင်ဌေးမြင့်နှင့်သတင်းရဲတပ်ဖွဲ့ တပ်ဖွဲ့မှူးရဲမှူးချုပ်မြဝင်းတို့ တက်ရောက် ခဲ့ကြပါသည်။ တွေ့ဆုံစဉ် မြန်မာနိုင်ငံ အတွင်းရှိ တူရကီနိုင်ငံသားများဆိုင်ရာ ကိစ္စရပ်များ၊ နယ်စပ်ဖြတ်ကျော်မှုခင်း များနှင့် အကြမ်းဖက်မှု တိုက်ဖျက်ရေး ကဏ္ဍများတွင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက် ရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်း စွာဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိပါသည်။

## ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေသည် ကုလသမဂ္ဂ၊ နိုင်ငံရေးရာဌာန၏ လက်ထောက်အတွင်းရေးမှူးချုပ် Mr. Miroslav Jenca ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

ပြည်ထဲရေးဝန်ကြီးဌာန၊ပြည်ထောင်စု ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ သည် ကုလသမဂ္ဂ၊ နိုင်ငံရေးရာဌာန၏ လက်ထောက်အတွင်းရေးမှူးချုပ် **Mr. Miroslav Jenca** ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ၂၅-၅-၂၀၁၇ ရက်နေ့ နေ့လည် ၁၅း၀၀ နာရီအချိန်တွင် နေပြည်တော်၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၁၀)ရှိ ပြည်ထောင်စုဝန်ကြီး၏ ညှိ့ခန်းမ၌ လက်ခံတွေ့ဆုံခဲ့ပါသည်။ ထိုသို့တွေ့ဆုံရာတွင် ပြည်ထောင်စုဝန်ကြီး နှင့်အတူ အမြဲတမ်းအတွင်းဝန် ဦးတင်မြင့်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ခေတ္တရဲချုပ် ရဲမှူးချုပ် အောင်ဝင်းဦး၊အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ကျော်၊ အကျဉ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဦးနှင့် မီးသတ်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြတ်သူတို့ တက်ရောက်ခဲ့ ကြပါသည်။ တွေ့ဆုံစဉ် ငြိမ်းချမ်းရေးဆိုင်ရာကိစ္စရပ်များ၊ ရခိုင်ပြည်နယ်အတွင်းတရားဥပဒေစိုးမိုးရေး ဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ရင်းနှီး ပွင့်လင်းစွာဆွေးနွေးခဲ့ကြကြောင်း သတင်း ရရှိပါသည်။



## ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးလာရောက်စစ်ဆေးခြင်း



ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေသည် မိုရာမုန်တိုင်းဒဏ်ခံခဲ့ရသော အကျဉ်းဦးစီးဌာန၊ရခိုင်ပြည်နယ်ဦးစီးမှူးရုံးကွပ်ကဲမှုအောက်ရှိ ဘူးသီးတောင်အကျဉ်းထောင်သို့ ၃၁-၅-၂၀၁၆ ရက်နေ့ ၁၄း၅၅ နာရီတွင် ရောက်ရှိ ခဲ့ပြီး မုန်တိုင်းတိုက်ခတ်မှုကြောင့် ပျက်စီးခဲ့သော ရိက္ခာဂိုဒေါင်၊ အမျိုးသမီး အိပ်ဆောင် နှင့် အမှတ်(၂)အကျဉ်းသား/အချုပ်သားအိပ်ဆောင်အပါအဝင် အကျဉ်းထောင်တွင်း လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပါသည်။

ပြည်ထောင်စုဝန်ကြီးမှ ပျက်စီးသွားသည့် အကျဉ်းထောင်အတွင်းရှိ အဆောက်အဦများနှင့် ဝန်ထမ်းမိသားစုလိုင်းခန်းများအား အမြန်ဆုံးကောင်းမွန်အောင် ဆောင်ရွက်ရန်၊ အဆောက်အဦများအား ပြန်လည်တည်ဆောက်ရာတွင်လည်း လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းအောင်ဆောင်ရွက်ရန်၊ အကျဉ်းထောင်၏ လုံခြုံရေးအား အထူးအလေးထားဆောင်ရွက်ရန်ညွှန်ကြားခဲ့ပြီး မိသားစုဝင် ၂၅ ဦးအတွက် ၁ ဦးလျှင် ကျပ် ၃၀,၀၀၀/- နှုန်းဖြင့် ၇၅၀,၀၀၀/- နှင့် မိသားစုဝင်ကလေးငယ်များအတွက် ကျပ် ၉၀,၀၀၀/-အား ထောက်ပံ့ပေးအပ်ခဲ့ပါကြောင်း သတင်းရရှိပါသည်။